# THE ROME STATUE OF THE INTERNATIONAL CRIMINAL COURT

**( BURMESE TRANSLATION )**

# နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ရောမ ဥပဒေ

( မြန်မာဘာသာပြန် )

နိဒါန်းမှ နေ၍ ပုဒ်မ (၆၀) အထိကို
မြန်မာနိုင်ငံရှေ့နေများကောင်စီ က ဘာသာပြန်ဆိုသည်။
( ပထမ မူကြမ်း )

၂၀၀၉ ခုနှစ်၊ ဧပြီလ (၃၀) ရက် ။

# မာတိကာ


နိဒါန်း ............................................................ ၃

အပိုင်း (၁)
တရားရုံး ဖွဲ့စည်းတည်ထောင်ခြင်း ............................................................ ၅

အပိုင်း (၂)
စီရင်ပိုင်ခွင့်အာဏာ ၊ လက်ခံနိုင်မှုရှိခြင်းနှင့် အသုံးချနိုင်သော ဥပဒေ ............................................................ ၇

အပိုင်း (၃)
ပြစ်မှုဆိုင်ရာ ဥပဒေ၏ ယေဘုယျပြဋ္ဌာန်းချက်များ............................................................ ၂၈

အပိုင်း (၄)
တရားရုံး၏ ဖွဲ့စည်းမှုနှင့် အုပ်ချုပ်မှု ............................................................ ၃၆

အပိုင်း (၅)
စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း ............................................................ ၅၄

# နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ရောမ ဥပဒေ

## နိဒါန်း

ဤဥပဒေတွင်ပါဝင်သော စာချုပ်ဝင် နိုင်ငံများက–

လူသားအားလုံးသည် အများသဘောတူလက်ခံသော စည်းမျဉ်းစည်းကမ်းများ၊ တူညီသော ရှေးဟောင်းအမွေအနှစ်မှ ဆင်းသက်လာသည့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုများဖြင့် ပေါင်းစည်းနေထိုင်ကြသည် ဆိုသည့်အချက်ကို သတိပြုမိပြီး၊ ဤသို့ နူးညံ့သိမ်မွေ့သည့် ပေါင်းစည်းမှု အချိန်မရွေး ပြိုပျက်သွားနိုင်သည် ဆိုသည့်အချက်ကို စိုးရိမ်ပူပန်လျက် ...

ဤရာစုနှစ်အတွင်း သန်းပေါင်းများစွာသော ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများသည် လူသားမျိုးနွယ်တို့ကို ထိတ်လန့်တုန်လှုပ်စေသော တွေးဝံ့စရာမကောင်းလှသည့် ရက်စက်ကြမ်းကြုတ်မှုများ ခံစားနေကြရသည်ကို သတိပြုမိလျက် ...

ဤကဲ့သို့ဆိုးဝါးလှသည့် ရာဇဝတ်မှုများသည် ကမ္ဘာ့ လူသားတို့၏ ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် ကောင်းကျိုးစီးပွား တို့ကို ထိပါးခြိမ်းခြောက်နေသည်ကို သိရှိထားလျက် ...

နိုင်ငံတကာရှိ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ပတ်သက်မှုရှိသော အဆိုးဝါးဆုံးသော ရာဇဝတ်မှုအများစုအတွက် အပြစ်ပေးစီရင်ခြင်းမရှိဘဲ ထားရှိမည်မဟုတ်ကြောင်း၊ နိုင်ငံတော်အဆင့်နှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ် ခြင်းဖြင့်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့်သော်လည်းကောင်း ထိုရာဇဝတ်မှုများအတွက် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခိုင်အမာအတည်ပြုလျက် ...

ဤကဲ့သို့သော ရာဇဝတ်မှုများ ဆက်လက်ဖြစ်ပွားခြင်းကို ကာကွယ်ရန်အတွက် ပြစ်မှုကျူးလွန်သည့် ရာဇဝတ်ကောင်များကို ဒဏ်မခတ်ဘဲထားရှိတော့မည်မဟုတ်ဟု သန္နိဋ္ဌာန်ချမှတ်ပါလျက်...

နိုင်ငံတကာရှိ ရာဇဝတ်မှုများကျူးလွန်ရာ၌ ပါဝင်ပတ်သက်နေသောသူများကို ပြစ်မှုဆိုင်ရာ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ က ဘာသာပြန်ဆိုသည်။**

စီရင်ပိုင်ခွင့်အာဏာ ကျင့်သုံး၍ အရေးယူဆောင်ရွက်ရမည်မှာ တိုင်းပြည်တိုင်း၏ တာဝန်ဖြစ်ကြောင်းကို ပြန်လည်အမှတ်ရလျက် ...

'ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း' ၏ ရည်မှန်းချက်များနှင့် မူများကို ထပ်လောင်းအတည်ပြုလျက်၊ အထူးသဖြင့် နိုင်ငံတနိုင်ငံ၏ နယ်မြေတည်တန့် ခိုင်မြဲမှုနှင့် နိုင်ငံရေး လွတ်လပ်ခွင့်ကို ထိပါးစေသည့် ခြိမ်းခြောက်မှု (သို့) အင်အားအသုံးပြုမှု (သို့) ကုလသမဂ္ဂ၏ ရည်မှန်းချက်များနှင့် ကွဲလွဲဆန့်ကျင်သော အခြားလုပ်ရပ်များ လုပ်ဆောင်မှုတို့မှ နိုင်ငံအားလုံးအနေဖြင့် ရှောင်ကျဉ်ရမည်ဆိုသည့်အချက်ကို ထပ်လောင်းအတည်ပြုလျက် ...

ယင်းနှင့်ပတ်သက်၍ စာချုပ်ဝင်နိုင်ငံတစ်ခု၏ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် ပြည်တွင်းရေးရာများကို အခြားစာချုပ်ဝင်နိုင်ငံတစ်ခုက ဝင်ရောက်စွက်ဖက်နိုင်သော အခွင့်အာဏာရှိသည်ဟု ဤဥပဒေ၏ မည်သည့် အချက်ကမျှ ဆိုထားခြင်းမရှိဟူသည်ကို အလေးထားလျက် ...

ဤရည်မှန်းချက်များကို ရှေ့တန်းတင်ကာ၊ ယခုနှင့် နောင်အနာဂတ် မျိုးဆက်သစ်များ၏ အကျိုးကို ရှေးရှုပြီး နိုင်ငံတကာ လူ့အဖွဲ့အစည်းတခုလုံးနှင့်ပတ်သက်သော အဆိုးဝါးဆုံးသော ရာဇဝတ်မှုများကို တရားစီရင်ပိုင်ခွင့်ရှိသည့် လွတ်လပ်၍ အမြဲတန်းတည်ရှိမည်ဖြစ်သော နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) ကို ကုလသမဂ္ဂ နှင့် ဆက်စပ်ကာ ဖွဲ့စည်းတည်ထောင်မည်ဟု သန္နိဋ္ဌာန်ချမှတ်လျက် ...

နိုင်ငံ၏ ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့်အာဏာကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ဤဥပဒေအရ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို ဖွဲ့စည်းတည်ထောင်သည်ဟု အလေးအနက်ပြုလျက် ...

နိုင်ငံတကာ တရားမျှတမှုဖြစ်ထွန်းလာစေရေးနှင့် ရေရှည်လေးစားမှုပေးရေးတို့ကို အာမခံသွားမည်ဟု ဆုံးဖြတ်ချက်ချမှတ်လျက် ...

အောက်ဖော်ပြပါတို့ကို သဘောတူလက်ခံသည်။

# အပိုင်း (၁) တရားရုံး ဖွဲ့စည်းတည်ထောင်ခြင်း

## ပုဒ်မ (၁)
## တရားရုံး

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ''တရားရုံး'' ကို ဤနည်းဖြင့် ဖွဲ့စည်းတည်ထောင်သည်။ ၎င်းသည် အမြဲတန်းတည်ရှိမည်ဖြစ်သော အဖွဲ့အစည်းတခုဖြစ်၍ ဤဥပဒေ၌ ရည်ညွှန်းထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ၌ အဆိုးဝါးဆုံး ရာဇဝတ်မှု ကျူးလွန်သူများအား စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ရန် အခွင့်အာဏာရှိမည်။ ထို့ပြင် ၎င်းသည် နိုင်ငံတော်ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်။ ဤတရားရုံး၌ တရားစီရင်ခြင်းနှင့် လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းတို့ကို ဤဥပဒေရှိ ပြဋ္ဌာန်းချက်များဖြင့် ဖော်ဆောင်စေရမည်။

## ပုဒ်မ (၂)
## ကုလသမဂ္ဂ နှင့် တရားရုံး၏ ဆက်နွယ်မှု

စာချုပ်ဝင်နိုင်ငံများ ညီလာခံအနေဖြင့် လက်ခံမည့် သဘောတူညီချက်မှတဆင့် ဤဥပဒေ၌ တရားရုံးနှင့် ကုလသမဂ္ဂတို့ကို ဆက်နွယ်စေရမည်။ ထို့နောက်တွင်မှ တရားရုံး၏ ကိုယ်စား ဥက္ကဋ္ဌက ဤအချက်ကို အပြီးအပြတ် ဆုံးဖြတ်ချက်ချရမည်။

## ပုဒ်မ (၃)
## တရားရုံး၏ အခြေစိုက်ရာနေရာ

၁။ တရားရုံး၏ အခြေစိုက်ရာမြို့ကို နယ်သာလန်နိုင်ငံ (အိမ်ရှင်နိုင်ငံ) သည် ဟိတ်ဂ် (The Hague) မြို့၌ ဖွဲ့စည်းတည်ထောင်ရမည်။

၂။ တရားရုံးအနေဖြင့် ဌာနချုပ်နှင့် စပ်လျဉ်း၍ အိမ်ရှင်နိုင်ငံနှင့် သဘောတူညီချက်ရရှိစေရမည်။ ဤသည်ကို စာချုပ်ဝင်နိုင်ငံများညီလာခံမှ သဘောတူညီချက်ပေးရမည်။ ထို့နောက်တွင်မှ တရားရုံး၏ ကိုယ်စား ဥက္ကဋ္ဌက အပြီးအပြတ် ဆုံးဖြတ်ချက်ချရမည်။

၃။ ဤဥပဒေ၌ ဖော်ပြထားသကဲ့သို့ လိုအပ်သည်ဟု စဉ်းစားသုံးသပ်ပါက တရားရုံးကို မည်သည့်နေရာ၌မဆို ထားရှိမည်။

## ပုဒ်မ (၄)
## တရားရုံး၏ ဥပဒေဆိုင်ရာအဆင့်အတန်းနှင့် အခွင့်အာဏာများ

၁။ တရားရုံးတွင် နိုင်ငံတကာဥပဒေဆိုင်ရာအဆင့်အတန်းရှိရမည်။ တရားရုံးသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်၊ ရည်မှန်းချက်များဖြည့်ဆည်းရန် လိုအပ်လာနိုင်သဖြင့် ထိုသို့သော ဥပဒေဆိုင်ရာ အရည်အသွေးလည်း ရှိရမည်။

၂။ ဤဥပဒေ၌ ဖော်ပြထားသကဲ့သို့ မည်သည့်စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်မြေ၌ပင်ဖြစ်စေ၊ အထူးသဘောတူညီမှုဖြင့် အခြားမည်သည့်နိုင်ငံ၏ နယ်မြေ၌ပင်ဖြစ်စေ တရားရုံးသည် ၎င်း၏ လုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို အသုံးချဆောင်ရွက်မည်။

# အပိုင်း (၂)
# စီရင်ပိုင်ခွင့်အာဏာ ၊ လက်ခံနိုင်မှုရှိခြင်းနှင့် အသုံးချနိုင်သော ဥပဒေ

## ပုဒ်မ (၅)
## တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများ

၁။ နိုင်ငံတကာအဖွဲ့အစည်းတခုလုံးနှင့် ပတ်သက်သည့် အဆိုးဝါးဆုံး ရာဇဝတ်မှုများအပေါ်တွင်သာ ကျင့်သုံးနိုင်ရန် တရားရုံး၏ စီရင်ပိုင်ခွင့်ကို ကန့်သတ်ထားရှိမည်။ ဤဥပဒေနှင့်အညီ တရားရုံးသည် အောက်ဖော်ပြပါ ပြစ်မှုများနှင့်ဆက်စပ်၍ စီရင်ပိုင်ခွင့်ရှိသည်။

(က) လူမျိုးတုံးသတ်ဖြတ်မှု၊

(ခ) လူသားဖြစ်မှုကို ဆန့် ကျင်သည့်ပြစ်မှုများ၊

(ဂ) စစ်ရာဇဝတ်မှုများ၊

(ဃ) ကျူးကျော်မှု၊

၂။ ပုဒ်မ (၁၂၁ နှင့် ၁၂၃) တို့နှင့်အညီ ပြဋ္ဌာန်းချက်ကို အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်လက်ခံပြီးသည်နှင့်တပြိုင်နက် တရားရုံးသည် “ကျူးကျော်မှု” ကို စီရင်ဆောင်ရွက်မည်ဖြစ်၍ ဤပြစ်မှုနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရမည်။ ထိုသို့သောပြဋ္ဌာန်းချက်သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိရမည်။

## ပုဒ်မ (၆)
## လူမျိုးတုံး သတ်ဖြတ်မှု

ဤဥပဒေ၏ ဆိုလိုချက်အရ လူမျိုးတုံးသတ်ဖြတ်မှု ဆိုသည်မှာ နိုင်ငံသား ၊ မျိုးနွယ်စု ၊ လူမျိုးစု၊ သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သော အသင်းအဖွဲ့အားလုံး (သို့) အချို့ကို ဖျက်ဆီးပစ်ရန် ရည်ရွယ်၍

**မြန်မာနိုင်ငံရှေ့နေများကောင်စီ က ဘာသာပြန်ဆိုသည်။**

ကျူးလွန်သော အောက်ဖော်ပြပါ မည်သည့်ပြစ်မှုကိုမဆို ဆိုလိုသည်။

(က) လူတစုရဲ့အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း ။

(ခ) လူတစုရဲ့ အဖွဲ့ဝင်များကို ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ အရသော်လည်းကောင်း ပြင်းထန်စွာအန္တရာယ်ပြုခြင်း။

(ဂ) အသင်းအဖွဲ့တခုလုံး (သို့) အချို့ကို စိတ်ပိုင်းဆိုင်ရာ၌ ကျဆင်းပျက်စီးမှုဖြစ်ပေါ်စေရန် ရည်ရွယ်၍ တမင်တကာ ထိုလူစုရဲ့ အသက်အန္တရာယ်ကို ထိပါးခြင်း။

(ဃ) လူတစုအတွင်း၌ ကလေးမွေးဖွားမှုကိုတားဆီးရန် ဟူသော ရည်ရွယ်ချက်ဖြင့် ချမှတ်သည့် သတ်မှတ်ချက်များကို လိုက်နာစေခြင်း။

(င) ကလေးသူငယ်များကို လူအုပ်စုတစုမှ အခြားလူအုပ်စုတစုသို့ အတင်းအဓမ္မရွှေ့ပြောင်းခြင်း။

## ပုဒ်မ (၇)
## လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှု

၁။ ဤဥပဒေ၏ ဆိုလိုချက်အရ ဓလူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှုဓ ဆိုသည်မှာ မည်သည့် အရပ်သား လူထုကိုမဆိုရည်ရွယ်၍ ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျ စီစဉ် တိုက်ခိုက်သော ၊ သိရှိလျက်နှင့် တိုက်ခိုက်သော အောက်ဖော်ပြပါ ပြစ်မှုများကို ဆိုလိုသည်။

(က) လူသတ်မှု၊

(ခ) မျိုးဖြုတ်ခြင်း၊

(ဂ) ကျွန်ပြုခြင်း၊

(ဃ) ပြည်နှင်ဒဏ်ပေးခြင်း (သို့မဟုတ်) အတင်းအကျပ်ရွှေ့ပြောင်းခြင်း၊

(င) ထောင်သွင်းအကျဉ်းချခြင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ဆုံးရှုံးစေခြင်း၊

(စ) နှိပ်စက်ညှင်းပမ်းခြင်း၊

(ဆ) မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကြပ် ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ ကိုယ်ဝန်ရှိစေခြင်း၊ ကိုယ်ဝန်မရနိုင်စေခြင်း (မြုံစေခြင်း) (သို့မဟုတ်) အခြားဆိုးဝါးသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(ဇ) အပိုဒ် (၃)၌ ဖွင့်ဆိုထားသကဲ့သို့ သက်သေအထောက်အထားပြနိုင်သော မည်သည့် လူစုကိုမဆို ညှင်းဆဲဖိနှိပ်ခြင်း (သို့မဟုတ်) နိုင်ငံရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ မျိုးနွယ်စုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လိင် စသည့်အုပ်စုများအား ညှင်းဆဲဖိနှိပ်ခြင်း (သို့မဟုတ်) ဤစာပိုဒ်၌ ဖွင့်ဆိုထားသော မည်သည့်ပြစ်မှုနှင့်မဆို ဆက်နွယ်နေသည့်

အပြည်ပြည်ဆိုင်ရာဥပဒေအရ အများစုမှခွင့်မပြုဟု သတ်မှတ်ထားသော အခြားပြစ်မှုများ (သို့မဟုတ်) တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှု၊

(ဈ) လူများအား အတင်းအကြပ် ပျောက်ဆုံးစေခြင်း၊

(ည) လူမျိုးအသားအရောင် ခွဲခြားရေးဝါဒနှင့်ဆိုင်သော ရာဇဝတ်မှု၊

(ဋ) တမင်တကာရည်ရွယ်၍ ကြီးစွာသောခံစားမှုဖြစ်စေခြင်း (သို့မဟုတ်) စိတ်ရေးအရသော်လည်းကောင်း၊ ကိုယ်ရေးအရသော်လည်းကောင်း၊ ပြင်းထန်စွာထိခိုက်အနာတရဖြစ်စေခြင်း စသည့် အခြားသော လူမဆန်သည့် လုပ်ရပ်များ။

၂။ စာပိုဒ် ၁ ၏ဆိုလိုချက် အရ –

(က) "မည်သည့်အရပ်သား လူထုကိုမဆို ဦးတည်၍တိုက်ခိုက်ခြင်း" ဆိုသည်မှာ နိုင်ငံတခု (သို့) အဖွဲ့အစည်းတခု၏ မူဝါဒနှင့်အညီ (သို့မဟုတ်) ၎င်း၏ ဖြည့်စွမ်းမှုဖြင့် မည်သည့်အရပ်သားလူထုကိုမဆို ဆန့်ကျင်၍ အပိုဒ် (၁)၌ ဖော်ပြထားသည့် တိုက်ခိုက်မှုကို ကျူးလွန်ခြင်း ပါဝင်သော အပြုအမူဖြစ်စဉ်ကိုဆိုလိုသည်။

(ခ) "မျိုးဖြုတ်ခြင်း" ဆိုသည်မှာ လူအများ အသက်ရှင်နေထိုင်နေခြင်းကို တမင်တကာ ထိခိုက်ခံစားစေခြင်းဖြစ်သည်။ ထို့ပြင် အခြားအရာများကြားမှ လူအချို့ကို ပျက်စီးဆုံးပါးစေရန်ရည်ရွယ်၍ ထိုသူတို့ကို အစာရေစာနှင့် ဆေးဝါးရရှိနိုင်သော အခွင့်အရေးကို ဆုံးရှုံးစေခြင်းဖြစ်သည်။

(ဂ) "ကျွန်ပြုခြင်း" ဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား ပိုင်ဆိုင်နိုင်မှုအခွင့်အလမ်းနှင့် ဆက်စပ်နေသည့် အခွင့်အာဏာအားလုံး (သို့) တစိတ်တဒေသကို အသုံးချပြီး အထူးသဖြင့် မိန်းမနှင့် ကလေးသူငယ်များကို ကုန်ကူးခြင်းဖြစ်သည်။

(ဃ) "ပြည်နှင်ဒဏ်ပေးခြင်း (သို့မဟုတ်) အတင်းအကြပ် ရွှေ့ပြောင်းခြင်း" ဆိုသည်မှာ နယ်နှင်ဒဏ်ပေးခြင်းဖြင့် (သို့) အပြည်ပြည်ဆိုင်ရာဥပဒေ၏ ခွင့်ပြုချက်မရဘဲ နေရာဒေသတခုရှိ တရားဝင်နေထိုင်သူများကို နှိုင်ထက်စီးနင်း အပြုအမူများဖြင့် အတင်းအကြပ် ရွှေ့ပြောင်းခြင်းဖြစ်သည်။

(င) "နှိပ်စက်ညှင်းပမ်းခြင်း" ဆိုသည်မှာ အစွပ်စွဲခံရ၍ ထိမ်းသိမ်းခံနေရသူ (သို့) အကျဉ်းချခံနေရသူ တစ်ယောက်အား ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ စိတ်ကိုသော်လည်းကောင်း တမင်တကာရည်ရွယ်၍ ပြင်းထန်စွာ နာကျင်စေခြင်း (သို့) ခံစားရစေခြင်းဖြစ်သည်။ သို့သော် ဥပဒေစည်းကမ်းချက်များအရ အလိုအလျောက်၊ မတော်တဆ အကြောင်းချက်များကြောင့် ဖြစ်လာသော နာကျင်မှု၊ ခံစားရမှုများ သည် နှိပ်စက်ညှဉ်းပမ်းခြင်းဟူသော စကားရပ် ဆိုလိုချက်၌ မပါဝင်ပေ။

(စ) "အတင်းအဓမ္မ ကိုယ်ဝန်ရရှိစေခြင်း" ဆိုသည်မှာ မည်သည့်လူဦးရေ၏ လူမျိုးစုများစုစည်းနေခြင်းကိုမဆို ထိခိုက်စေရန်ရည်ရွယ်၍ (သို့) အခြားသော နိုင်ငံတကာဥပဒေ

ကို စိုးရိမ်ဖွယ်ရာ ချိုးဖောက်၍ ပြစ်မှုကျူးလွန်ခြင်း၊ အမျိုးသမီးတစ်ဦးအား အဓမ္မနည်းဖြင့် ကိုယ်ဝန်ရရှိအောင် မတရား ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ဆိုလိုသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်နွယ်သော နိုင်ငံတော် ဥပဒေများအပေါ် ထိခိုက်စေမည့် ဘာသာပြန်ဆိုချက်မျိုးမဖြစ်ရပေ။

(ဆ) "ညှဉ်းဆဲဖိနှိပ်ခြင်း" ဆိုသည်မှာ အုပ်စုတစု (သို့) စုစည်းမှုတခု မည်သူမည်ဝါဖြစ် သည်ဆိုရုံမျှဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေကို ဆန့်ကျင်ကာ တမင်ရည်ရွယ်၍ ၎င်း တို့၏ အခြေခံအခွင့်အရေးများကို ဆိုးဝါးစွာ လက်လွှတ်ဆုံးရှုံးစေခြင်းဖြစ်သည်။

(ဇ) "လူမျိုးအသားအရောင်ခွဲခြားခြင်းဝါဒ နှင့်ဆိုင်သောပြစ်မှု" ဆိုသည်မှာ စာပိုဒ် (၁) ၌ ဖော်ပြထားသကဲ့သို့ လူမဆန်ရက်စက်သည့် ပြစ်မှုမျိုးဖြစ်သည်။ အတည်တကျဖွဲ့စည်းထားသော အစိုးရစနစ်၏ ဖိနှိပ်မှု၊ စိုးမိုးချယ်လှယ်မှုတို့ကို ဆက်စပ်စဉ်းစားရမည့် အခြေအနေဖြင့် လူမျိုးစုတစ်ခုမှ အခြားလူမျိုးစုတစ်စု (သို့) အများအပေါ်သို့ ပြစ်မှုကျူးလွန်ခြင်းနှင့် ထိုသို့သော အစိုးရစနစ် တည်တံ့စေရန်ရည်ရွယ်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။

(ဈ) "လူများ အတင်းအကြပ်ပျောက်ဆုံးစေခြင်း" ဆိုသည်မှာ ဥပဒေ၏ အကာအကွယ်အောက်မှ အချိန်ကာလကြာမြင့်စွာ ဖယ်ရှားလိုသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် (သို့) နိုင်ငံရေးအဖွဲ့အစည်းတခု၏ အာဏာ၊ ထောက်ခံမှု (သို့) သဘောတူညီမှုဖြင့် ထိုလူအများ၏ လွတ်လပ်မှုဆုံးရှုံးနေခြင်းကို အသိအမှတ်ပြုရန် (သို့) ၎င်း၏ကံကြမ္မာ မည်သို့ရှိကြောင်း မည်သည့်နေရာသို့ရောက်ရှိနေကြောင်း အသိပေးရန် ငြင်းဆို၍ ၎င်းတို့ကို အခွင့်အာဏာဖြင့် ဖမ်းချုပ်ခြင်း၊ အကျဉ်းချခြင်း၊ ပြန်ပေးဆွဲခြင်း တို့ကို ဆိုလိုသည်။

၃။ ဤဥပဒေ၏ ဆိုလိုချက်အရ လူ့အဖွဲ့အစည်း၏ စကားအဆက်အစပ်မှ 'လိင်' ဆိုသည်မှာ အထီးနှင့် အမ လိင်နှစ်မျိုးကိုရည်ရွယ်သည်ဟု နားလည်သဘောပေါက်သည်။ ၎င်း 'လိင်' ဆိုသော စကားရပ်မှာ အထက်ပါအဓိပ္ပါယ်မှလွဲ၍ အခြားမည်သည့်အဓိပ္ပါယ်ကိုမျှ မဆိုလိုပေ။

## ပုဒ်မ (၈)
## စစ်ရာဇဝတ်မှုများ

၁။ တရားရုံးသည် စစ်ရာဇဝတ်မှုများနှင့် အထူးသဖြင့် စပ်လျဉ်း၍ ၎င်းတို့ကို စီမံကိန်း (သို့) မူဝါဒတခု၏ တစိတ်တဒေသအနေဖြင့် ကျူးလွန်ခြင်း (သို့မဟုတ်)၊ ထိုသို့သောပြစ်မှုမျိုးကို ကျယ်ပြန့်စွာ ကျူးလွန်ခြင်းတို့ နှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသည်။

၂။ ဤဥပဒေ၏ ဆိုလိုချက်အရ စစ်ရာဇဝတ်မှု များဆိုသည်မှာ –

(က) သက်ဆိုင်ရာ ဂျနီဗာ သဘောတူညီချက်များ၏ ပြဋ္ဌာန်းချက်များအောက်တွင် ကာကွယ်ထားသော လူအများ (သို့မဟုတ်) အရာဝတ္ထုပေါ် ၌ကျူးလွန်သော အောက်ဖော်ပြပါ အပြုအမူများဖြင့် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့ ဂျနီဗာ သဘောတူညီချက်များကို စိုးရိမ်ဖွယ်ရာ ချိုးဖောက်ခြင်း ဖြစ်သည်။

(၁) ဆန္ဒအလျောက်သတ်ဖြတ်ခြင်း။

(၂) နှိပ်စက်ညှဉ်းပမ်းခြင်း (သို့မဟုတ်) လူမဆန်စွာပြုမူခြင်း အပါအဝင် ဇီဝဗေဒ စမ်းသပ်မှု ပြုလုပ်ခြင်း။

(၃) ဆန္ဒအလျောက် တပါးသူအား ကြီးစွာခံစားရစေခြင်း (သို့မဟုတ်) ကိုယ်ခန္ဓာ (သို့) ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိစေခြင်း။

(၄) စစ်ရေးအရ လိုအပ်ခြင်းမရှိဘဲ ပိုင်ဆိုင်မှုပစ္စည်းကို ကြီးမားစွာပျက်စီးဆုံးရှုံးစေခြင်း၊ သိမ်းယူခြင်းနှင့်၊ ၎င်းတို့ကို တရားမဝင်၊ အကြောင်းမဲ့သက်သက် လုပ်ဆောင်ခြင်း။

(၅) စစ်အကျဉ်းသားကို (သို့) အခြား ကာကွယ်စောင့်ရှောက်ထားသူကို ဆန့်ကျင်ဘက်အဖွဲ့အစည်းတခုတွင် အမှုထမ်းရန် အတင်းအကြပ်စေခိုင်းခြင်း။

(၆) စစ်အကျဉ်းသားတစ်ယောက်၏ ရပိုင်ခွင့်ကို (သို့) အခြားကန့်သတ်ထားသူ တစ်ယောက်၏ တရားမျှတ၍ ပုံမှန်တရားစစ်ဆေးစီရင်ခြင်းရပိုင်ခွင့်ကို တမင်တကာရည်ရွယ်၍ လက်လွှတ်ဆုံးရှုံးစေခြင်း။

(၇) တရားမဝင် ပြည်နှင်ဒဏ်ပေးခြင်း (သို့) ပြောင်းရွှေ့ခြင်း (သို့) အကျဉ်းချထားခြင်း။

(၈) ဓားစာခံများကို ထိမ်းသိမ်းထားခြင်း ။

(ခ) အခြေခိုင်နေသော အပြည်ပြည်ဆိုင်ရာဥပဒေဘောင်အတွင်းရှိ နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခနှင့်သက်ဆိုင်သည့် ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို ဆိုးဝါးစွာ ချိုးဖောက်ကာ အောက်ဖော်ပြပါ မည်သည့်ပြစ်မှုမျိုးကိုမဆို ကျူးလွန်ခြင်း။

(၁) စစ်မက်ဖြစ်ပွားခြင်းများ၌ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသော အရပ်သားလူထုများ၊ တဦးခြင်း ပြည်သူများကို တမင်တကာ ဆန့်ကျင်၍ တိုက်ခိုက်ခြင်း။

(၂) စစ်ရေးအရတိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်မထားသည့် လူထုပိုင်ပစ္စည်းများကို တမင်တကာဆန့်ကျင်၍ တိုက်ခိုက်ခြင်း။

(၃) လက်နက်ကိုင်ပဋိပက္ခနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေအရ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းနှင့်အညီ အရပ်သားလူထုများ (သို့) လူထုပိုင်ပစ္စည်းများကို ကာကွယ်နိုင်ခွင့်ရှိသောကာလအတွင်း လူသားခြင်းစာနာစွာ ထောက်ပံ့ကူညီသည့် အဖွဲ့အစည်းများတွင်ပါရှိသော (သို့) ငြိမ်းချမ်းမှုထိမ်းသိမ်းရေး မစ်ရှင်အဖွဲ့များတွင် ပါရှိသော အမှုထမ်းများ၊ တပ်ဆင်ကိရိယာများ၊ အရာဝတ္ထုပစ္စည်းများ၊ ယာဉ်များကို၊ တမင်ရည် ရွယ်၍

တိုက်ခိုက်ခြင်း။

(၄) စစ်ရေးအရ တိကျသော အကျိုးရလာဒ်မျှော်မှန်းမှု အလုံးစုံနှင့်နှိုင်းစာလျှင် ထင်ရှား စွာ ပိုလွန်နေသည့် မတော်တဆအသက်ဆုံးရှုံးစေခြင်း (သို့) အရပ်သားများကို ထိခိုက် အနာတရဖြစ်စေခြင်း (သို့) လူထုပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း (သို့) သဘာဝပတ် ဝန်းကျင်ကို ရည်ရှည် ကျယ်ကျယ်ပြန့်ပြန့် ဆိုးရွားစွာပျက်စီးစေခြင်း စသည်တို့ ဖြစ်ပွား နိုင်သည်ကို သိလျက်နှင့် တမင်တကာ တိုက်ခိုက်မှုတခုကို ဆောင်ရွက်ခြင်း။

(၅) စစ်ရေးပစ်မှတ် မဟုတ်သော၊ အကာအကွယ်မရှိသော မြို့များ၊ ရွာများ၊ နေအိမ်များ (သို့မဟုတ်) အဆောက်အဦးများကို မည်သည့်နည်းဖြင့်မဆို တိုက်ခိုက်ခြင်း (သို့မဟုတ်) ဗုံးကြဲတိုက်ခိုက်ခြင်း။

(၆) ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အညံ့ခံပြီးသော၊ လက်နက်ချပြီးသော၊ ကာကွယ်ရန် နည်းလမ်းမရှိတော့သော တိုက်ပွဲဝင်စစ်သည်အား သတ်ပစ်ခြင်း (သို့) ဒဏ်ရာ အနာ တရဖြစ်စေခြင်း။

(၇) အပစ်အခတ်ရပ်စဲသည့်အမှတ်အသား အလံ၊ စစ်ဘက်အလံ (သို့) စစ်ဘက် ဘွဲ့တံ ဆိပ်၊ ရန်သူဝတ်စုံ (သို့မဟုတ်) ကုလသမဂ္ဂ၏ ဝတ်စုံနှင့် ဂျနီဗာနိုင်ငံသဘော တူညီ ချက်များ၏ သိသာထင်ရှားသော သင်္ကေတတို့ကို မမှန်ကန်သောနည်းလမ်းဖြင့် အသုံး ချ၍ အခြားသူများ သေဆုံးစေခြင်း၊ ပြင်းထန်စွာ ထိခိုက်အနာတရဖြစ်စေခြင်း။

(၈) နယ်မြေအုပ်စိုးထားသူ အင်အားစုမှ ၎င်း၏အရပ်သား လူဦးရေအချို့ကို သိမ်းပိုက် ထားသော နယ်မြေသို့ တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ရွှေ့ပြောင်းစေခြင်း (သို့မဟုတ်) ပြည်နှင်ဒဏ်ပေးခြင်း (သို့မဟုတ်) ၎င်းတို့ သိမ်းပိုက်ရရှိထားသော နယ်မြေမှ အရပ် သားအားလုံး (သို့) တချို့ကို နယ်မြေတွင်း၌ (သို့) နယ်မြေအပြင်သို့ ရွှေ့ပြောင်းခြင်း။

(၉) စစ်ရေးပစ်မှတ် မဟုတ်သော ဘာသာရေး အဆောက်အဦးများ၊ ပညာရေးအ ဆောက် အဦးများ၊ အနုပညာနှင့် သိပ္ပံအဆောက်အဦးများ၊ သမိုင်းဝင်အထိမ်းအမှတ်ရုပ် တုများ၊ ဆေးရုံများ၊ နာမကျန်း ဒဏ်ရာရရှိသူများထားရှိသည့် နေရာများ စသည်တို့ကို တမင်ရည်ရွယ်၍ တိုက်ခိုက်ခြင်း။

(၁၀) ဆန့်ကျင်ဘက်ပါတီအင်အားစုမှ ပုဂ္ဂိုလ်များအား ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း (သို့) ဆေးပညာ (သို့) သိပ္ပံဆိုင်ရာ စမ်းသပ်မှုများခံစားစေ၍ ထိုသူအား အသက် ဆုံးရှုံးစေခြင်း (သို့မဟုတ်) ပြင်းထန်စွာ အသက်အန္တရာယ်ဖြစ်စေခြင်း။ ထိုသို့ လုပ် ဆောင်ခြင်းသည် ဆေးပညာ၊ သွားဘက်ဆိုင်ရာ (သို့) ဆေးရုံ၏ကုသမှုမှ သက်ဆိုင် သူအတွက် ရှင်းချက်မထုတ်နိုင်သော (သို့) သူ (သို့) သူမ၏ အလိုမပါပဲ ဆောင်ရွက် ခြင်း။

(၁၁) ရန်သူနိုင်ငံ (သို့) စစ်တပ်၏ လူများကို ကတိသစ္စာမဲ့စွာသတ်ဖြတ်ခြင်း၊ ဒဏ်ရာရရှိ စေခြင်း။

(၁၂) "ချွင်းချက်မရှိ လက်နက်ချပြီးသူအား" ရှင်သန်ခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း အသိပေး ကြေညာခြင်း။

(၁၃) စစ်အတွင်း၌ ဖျက်ဆီးသိမ်းပိုက်ရန် မဖြစ်မနေလိုအပ်ကြောင်း တောင်းဆိုချက်များ မရှိပဲလျက် ရန်သူပိုင်ဆိုင်သည့်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ သိမ်းပိုက်ခြင်း။

(၁၄) ဥပဒေကို ကိုင်စွဲ၍ စီရင်သောတရားရုံး၌ ရန်ဘက်ပါတီ အဖွဲ့အစည်း၏ အခွင့်အရေးများနှင့် ၎င်းနိုင်ငံသားတို့၏ အရေးယူဆောင်ရွက်မှုများကို ဖျက်သိမ်းကြောင်း ၊ ဆိုင်းငံ့ထားကြောင်း၊ ဥပဒေအရ လက်ခံနိုင်ဖွယ်မရှိကြောင်း ကြေညာခြင်း။

(၁၅) ဆန့်ကျင့်ဘက်ပါတီ၏ နိုင်ငံသားများသည် စစ်မစတင်မီကာလက စစ်တိုက်နေသော နိုင်ငံ၌ ဆန္ဒအရ အမှုထမ်းဖြစ်ခဲ့သော်လည်း ၎င်းတို့၏ မိခင်နိုင်ငံအား ဆန့်ကျင်၍ တိုက်ခိုက်သော စစ်ဆင်ရေးတွင်ပါဝင်ရန် အတင်းအကြပ်စေခိုင်းခြင်း။

(၁၆) မြို့ (သို့) နေရာဒေသတခုကို အဓမ္မသိမ်းပိုက်ရရှိပြီး၍ လုယက်ဖျက်ဆီးခြင်း။

(၁၇) အဆိပ် (သို့) အဆိပ်ရှိသော လက်နက်များကိုအသုံးချခြင်း။

(၁၈) အသက်ရှူကြပ်စေသော၊ အဆိပ်ရှိသော ဓာတ်ငွေ့များ (သို့) အခြားဓာတ်ငွေ့များနှင့် အားလုံးသော အလားတူအရည်များ၊ ပစ္စည်းများ (သို့) ကိရိယာတန်ဆာပလာများကို အသုံးပြုခြင်း။

(၁၉) လူ့ခန္ဓာကိုယ်အတွင်း၌ အလွယ်တကူကြီးထွားလာနိုင်သော (သို့) ပြားချပ်သွားနိုင် သော ကျည်ဆံများကို အသုံးချခြင်း။ ဤကဲ့သို့သော ကျည်ဆန်များသည် ၎င်းတို့၏ အူတိုင်ကို အပြည့်ဖုံးအုပ်ထားခြင်းမရှိပဲ မာကျောသော ကျည်ခွံပါရှိ၍ ခန္ဓာကိုယ်ထဲသို့ ဖြတ်တောက်ထိုးဖောက်၍ဝင်ရောက်နိုင်သည်။

(၂၀) မလိုလားအပ်သော ဒဏ်ရာအနာတရ (သို့) ထိခိုက်ခံစားမှုများ ဖြစ်စေနိုင်သည့် သဘောသဘာဝရှိသော (သို့) လက်နက်ကိုင်ပဋိပက္ခနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေကို သဘာဝအလျှောက် ချိုးဖောက်နိုင်သော လက်နက်များ၊ ကျည်ဖူးများနှင့် စစ်ရေးဆိုင်ရာ အရာဝတ္ထုများ နှင့် နည်းဗျူဟာများကို အသုံးချခြင်း။ ဤနေရာတွင် ထိုလက်နက်များ၊ ကျည်ဖူးများ၊ စစ်ရေးဆိုင်ရာ အရာဝတ္ထုများနှင့် နည်းဗျူဟာ များသည် ပုဒ်မ (၁၂၁) နှင့် (၁၂၃) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ ပြင်ဆင် ပြဋ္ဌာန်းချက်ဖြင့် အတိအကျ တားမြစ်ထားမှုသာလျင် (သို့မဟုတ်) ဤဥပဒေ၏ နောက်ဆက်တွဲ၌ ပါရှိမှုသာလျင် အကျုံးဝင်သည်။

(၂၁) အထူးသဖြင့် လူ့ဂုဏ်သိက္ခာကို ထိပါးစေသော၊ အဆင့်အတန်းကျဆင်းစေသော အပြုအမူများဖြင့် တစ်စုံတစ်ဦး၏ ကိုယ်ပိုင်ဂုဏ်သိက္ခာကို ကျူးလွန်ခြင်း။

(၂၂) ပုဒ်မ (၇) အပိုဒ် (၂၊ စ) တွင် ဖွင့်ဆိုထားသကဲ့သို့ မုဒိမ်းမှုကျူးလွန်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကျပ် ကိုယ်ဝန်ရစေခြင်း။ ထို့အပြင် ဂျနီဗာနိုင်ငံသဘောတူညီချက်များကို ဆိုးဝါးစွာ ဖောက်ဖျက်ခြင်းတွင်လည်းပါရှိသော အတင်းအကြပ် သားကြောဖြတ်ခြင်း (သို့မဟုတ်) အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ။

(၂၃) အရပ်သားတစ်ယောက်ကို (သို့) ကာကွယ်စောင့်ရှောက်ထားသော အခြားသူကို စစ်ဆင်ရေးမှကင်းလွတ်သော နေရာဒေသတခုခုတွင် (သို့မဟုတ်) တပ်မတော်၌ အမှုထမ်းရန် အသုံးချခြင်း ။

(၂၄) အဆောက်အအုံများ၊ အရာဝတ္ထုပစ္စည်းများ၊ ဆေးပေးခန်းများ၊ လမ်းပမ်းဆက်သွယ်ရေးတို့ကို တမင်တကာ တိုက်ခိုက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ဂျနီဗာသဘောတူညီချက်များ၏ သိသာထင်ရှားသော အမှတ်တံဆိပ်များကို ကိုယ်ပိုင်အဖြစ် အသုံးပြုခြင်း။

(၂၅) ဂျနီဗာနိုင်ငံသဘောတူညီချက်များတွင် ပြဋ္ဌာန်းထားသကဲ့သို့ စစ်ရေးဗျူဟာအရ အသက်ရှင်နေနိုင်ရန် မရှိမဖြစ် အရေးပါသော အထောက်အပံ့ပစ္စည်းများ ခံစားခွင့်ကို လက်လွှတ်ဆုံးရှုံးစေခြင်းအပါအဝင် ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများကို ကြံ့ကြာနေစေခြင်းဖြင့် အရပ်သားများကို တမင်ငတ်မွတ်ဆင်းရဲစေခြင်း။

(၂၆) ၁၅ နှစ်အောက်ကလေးသူငယ်များကို အမျိုးသားလက်နက်ကိုင်စစ်တပ်များအတွင်း၌ အတင်းအကြပ် စစ်မှုထမ်းစေခြင်း (သို့) စာရင်းသွင်းခြင်း (သို့မဟုတ်) တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင်စေရန် ၎င်းတို့ကို အသုံးချခြင်း။

(ဂ) အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခဖြစ်ရာတွင် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ပါ ဂျနီဗာသဘောတူညီချက် ၄ ရပ်နှင့်သက်ဆိုင်သည့် ပုဒ်မ (၃) ကို ပြင်းထန်စွာ ချိုးဖောက်ခြင်းများဖြစ်သည့် ဖျားနာနေသော၊ ထိခိုက်ဒဏ်ရာနေသော၊ ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော (သို့မဟုတ်) အခြားအကြောင်းကြောင့် စစ်မတိုက်နိုင်တော့သော လက်နက်ချပြီးသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပါအဝင် တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင်တိုက်ခိုက်ခြင်းမရှိသူများကို ဆန့်ကျင်၍ အောက်ဖော်ပြပါ မည်သည့်ပြစ်မှုကိုမဆို ကျူးလွန်ခြင်း။

(၁) အထူးသဖြင့် အားလုံးသော လူသတ်မှုကျူးလွန်ခြင်းများ၊ ကိုယ်လက်အင်္ဂါ ဖြတ်တောက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်းများဖြင့် လူနှင့်အသက်အန္တရာယ်ကို ထိခိုက်စေခြင်း။

(၂) အထူးသဖြင့် လူ့ဂုဏ်သိက္ခာကိုထိပါးစေသော၊ အဆင့်အတန်းကျဆင်းစေသော အပြုအမူများဖြင့် တစ်စုံတစ်ဦး၏ ကိုယ်ပိုင်ဂုဏ်သိက္ခာကို ကျူးလွန်ခြင်း။

(၃) ဓားစာခံများကို ထိမ်းသိမ်းထားခြင်း။

(၄) မရှိမဖြစ်အရေးပါသည်ဟု ယေဘုယျ လက်ခံထားသည့် အားလုံးသော စီရင်ပိုင်ခွင့် အာမခံချက်များပေးနိုင်သည့် ပုံမှန်ဖွဲ့စည်းထားသော တရားရုံးမှ စီရင်ချက်ချထားခြင်းမရှိသေးပဲ သေဒဏ်ပြစ်ဒဏ်များ ချမှတ်အတည်ပြုခြင်းနှင့် စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဃ) ဖော်ပြပါ စာပိုဒ် (၂၊ ဂ) သည် အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခ များနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ၎င်းသည် အဓိကရုဏ်းများ၊ ထီးတည်းသော (သို့) ရံဖန်ရံခါမှဖြစ်သော အကြမ်းဖက်မှုများကဲ့သို့ ပြည်တွင်းနှောင့်ယှက်မှုနှင့် တင်းမာမှုအခြေအနေများ (သို့မဟုတ်) အလားတူသဘော ဆောင်သည့် အခြားလုပ်ရပ်များနှင့်မသက်ဆိုင်ပေ။

(င) အပြည်ပြည်ဆိုင်ရာ ဥပဒေ ဘောင်အတွင်းတွင် အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်းတွင် ဥပဒေများ၊ ဓလေ့ထုံးတမ်းများကို ဆိုးဝါးစွာ ဖောက်ဖျက်သည့် အောက်ဖော်ပြပါ အခြားပြစ်မှုများ –

(၁) တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်တိုက်ခိုက်ခြင်းမရှိသော လူထုများ (သို့မဟုတ်) တသီးပုဂ္ဂလ အရပ်သားများကို တမင်ရည်ရွယ်၍တိုက်ခိုက်ခြင်း။

(၂) အဆောက်အအုံများ၊ အရာဝတ္တုပစ္စည်းများ၊ ဆေးပေးခန်းများ၊ လမ်းပမ်းဆက်သွယ်ရေးတို့ကို တမင်တကာ တိုက်ခိုက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ဂျနီဗာနိုင်ငံသဘောတူညီချက်များ၏ သိသာထင်ရှားသော အမှတ်တံဆိပ်များကို ကိုယ်ပိုင်အဖြစ် အသုံးပြုခြင်း။

(၃) လက်နက်ကိုင်ပဋိပက္ခနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေအရ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းနှင့်အညီ အရပ်သားလူထုများ (သို့) လူထုပိုင်ပစ္စည်းများကို ကာကွယ်နိုင်ခွင့်ရှိသော ကာလအတွင်း လူသားခြင်း စာနာစွာ ထောက်ပံ့ကူညီသည့် အဖွဲ့အစည်းများတွင်ပါရှိသော (သို့) ငြိမ်းချမ်းမှုထိမ်းသိမ်းရေး မစ်ရှင်အဖွဲ့များတွင် ပါရှိသော အမှုထမ်းများ၊ တပ်ဆင်ကိရိယာများ၊ အရာဝတ္ထုပစ္စည်းများ၊ ယာဉ်များကို၊ တမင်ရည်ရွယ်၍ တိုက်ခိုက်ခြင်း။

(၄) စစ်ရေးပစ်မှတ်မဟုတ်သော ဘာသာရေးအဆောက်အဦးများ၊ ပညာရေးအဆောက်အဦးများ၊ အနုပညာနှင့် သိပ္ပံအဆောက်အဦးများ၊ သမိုင်းဝင် အထိမ်းအမှတ်ရုပ်တုများ၊ ဆေးရုံများ၊ နာမကျန်းဒဏ်ရာရရှိသူများ ထားရှိသည့်နေရာများ စသည်တို့ကို တမင်ရည်ရွယ်၍ တိုက်ခိုက်ခြင်း။

(၅) မြို့ (သို့) နေရာဒေသတခုကို အဓမ္မသိမ်းပိုက်ရရှိပြီးနောက် လုယက်ဖျက်ဆီးခြင်း။

(၆) ပုဒ်မ (၇) အပိုဒ် (၂၊ စ) တွင်ဖွင့်ဆိုထားသကဲ့သို့ မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကြပ် ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ ကိုယ်ဝန်ရှိစေခြင်း၊ ကိုယ်ဝန်မရနိုင်စေခြင်း (မြုံစေခြင်း) နှင့် ဂျနီဗာသဘောတူညီချက် ၄ ရပ်နှင့်သက်ဆိုင်သည့် ပုဒ်မ (၃) တွင်ပါရှိသည်သော အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ။

(၇) ၁၅ နှစ်အောက်ကလေးသူငယ်များကို အမျိုးသားလက်နက်ကိုင် စစ်တပ်များအတွင်း၌ အတင်းအကြပ်စစ်မှုထမ်းစေခြင်း (သို့) စာရင်းသွင်းခြင်း (သို့မဟုတ်) တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင်စေရန် ၎င်းတို့ကိုအသုံးချခြင်း။

(၈) လူထုအတွက် လုံခြုံမှုပေးနိုင်ခြင်းမရှိဘဲလျက် (သို့) စစ်ရေးအရ မဖြစ်မနေ တောင်းဆိုသော အကြောင်းမရှိ ဘဲလျက် ပဋိပက္ခနှင့်သက်ဆိုင်သည့် အကြောင်းပြချက်ဖြင့် အရပ်သားလူထုများကို နေရာရွှေ့ပြောင်းရန် အမိန့်ပေးခြင်း။

(၉) ရန်သူဘက်မှ ပါဝင်တိုက်ခိုက်သူကို ကတိသစ္စာမဲ့စွာ သတ်ဖြတ်ခြင်း (သို့) ဒဏ်ရာအနာတရဖြစ်စေခြင်း။

(၁၀) (ချွင်းချက်မရှိ လက်နက်ချပြီးသူအား) ရှင်သန်ခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း အသိပေးကြေညာခြင်း ။

(၁၁) ဆန့်ကျင်ဘက်ပါတီမှ အာဏာရှိနေသောသူအား ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း (သို့မဟုတ်) ဆေးပညာ (သို့) သိပ္ပံဆိုင်ရာ စမ်းသပ်မှုများ ခံစားစေ၍ ထိုသူအား အသက်ဆုံးရှုံးစေခြင်း (သို့) ပြင်းထန်စွာ အသက်အန္တရာယ်ဖြစ်စေခြင်း။ ထိုသို့လုပ်ဆောင်ခြင်းသည် ဆေးပညာ၊ သွားဘက်ဆိုင်ရာ (သို့) ဆေးရုံ၏ ကုသမှုမှ သက်ဆိုင်သူအတွက် ရှင်းချက်မထုတ်နိုင်သော (သို့မဟုတ်) သူ (သို့) သူမ၏ အလိုမပါပဲဆောင်ရွက်သော လုပ်ဆောင်ခြင်းဖြစ်သည်။

(၁၂) ပဋိပက္ခဖြစ်ပွားရာ၌ မဖြစ်မနေလိုအပ်ချက်များရှိသည်ဟု တောင်းဆိုခြင်းမရှိဘဲလျက် ရန်သူ၏ပစ္စည်းများကို ဖျက်ဆီးခြင်း (သို့) သိမ်းပိုက်ခြင်း။

(စ) ဖော်ပြပါစာပိုဒ် (၂၊ င) သည် အပြည်ပြည်ဆိုင်ရာလက္ခဏာ မဆောင်သော လက်နက်ကိုင် ပဋိပက္ခများနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ၎င်းသည် အဓိကရုဏ်းများ၊ သီးခြားဖြစ်သော (သို့) ရံဖန်ရံခါမှဖြစ်သော အကြမ်းဖက်မှုများကဲ့သို့ ပြည်တွင်းနှောင့်ယှက်မှုနှင့် တင်းမာမှုအခြေအနေများ (သို့မဟုတ်) အလားတူ အခြားသောလုပ်ရပ်များသည် ထိုအချက်နှင့်မသက်ဆိုင်ပေ။ အစိုးရအာဏာပိုင်များနှင့် စနစ်တကျ စုစည်းထားသော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော ပဋိပက္ခများ (သို့မဟုတ်) အဆိုပါ လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်းအကြားတွင် ဖြစ်ပွားသော ပဋိပက္ခများနှင့် သက်ဆိုင်သည်။

၃။ စာပိုဒ် ၂ (ဂ) နှင့် (င)တွင်ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားဝင်နည်းလမ်းများအားလုံးဖြင့် ဖော်ဆောင်သော အစိုးရ၏ အခွင့်အာဏာများဖြစ်သည့် နိုင်ငံတွင်းရှိ ဥပဒေနှင့် အမိန့်ကို တည်မြဲစေရန် (သို့) ပြန်လည်တည်ဆောက်ရန် (သို့မဟုတ်) နိုင်ငံတော်၏ စည်းလုံးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို အကာအကွယ်ပေးရန် အစရှိသည်တို့ကို ထိခိုက်မည်မဟုတ်ပေ။

## ပုဒ်မ (၉)
## ပြစ်မှုများ၏ အခြေခံများ

၁။ ပြစ်မှုများ၏ အခြေခံများသည် တရားရုံးမှ ပုဒ်မ (၆၊ ၇ နှင့် ၈) တို့ကို အဓိပ္ပါယ်ဖွင့်ဆို ကျင့်သုံးရာ၌ အထောက်အကူပြုရမည်။ ၎င်းတို့ကို စာချုပ်ဝင်နိုင်ငံအများစု၏ ၃ ပုံ ၂ ပုံမှ လက်ခံသဘောတူရမည်။

၂။ ပြစ်မှုများ၏ အခြေခံများကို ပြင်ဆင်ရန် အောက်ဖော်ပြပါတို့မှ တင်သွင်းအဆိုပြုနိုင်ရမည်။
(က) မည်သည့်စာချုပ်ဝင်နိုင်ငံမဆို၊
(ခ) အပြတ်အသတ်မဲ အများစုဖြင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲတရားသူကြီးများ၊
(ဂ) တရားစွဲဆိုသူ၊

ဤပြင်ဆင်ချက်များကို စာချုပ်ဝင်နိုင်ငံများညီလာခံရှိ အဖွဲ့ဝင်အများစု၏ ၃ ပုံ ၂ ပုံမှ သဘောတူလက်ခံရမည်။

၃။ ပြစ်မှုများ၏ အခြေခံများနှင့် ပြင်ဆင်ချက်များသည် ဤဥပဒေနှင့် ကိုက်ညီမှုရှိမည် ။

## ပုဒ်မ (၁၀)

ဤအပိုင်းကဏ္ဍ၌ ဤဥပဒေ၏ရည်ရွယ်ချက်များမှလွဲ၍ အပြည်ပြည်ဆိုင်ရာဥပဒေ၏ တည်ရှိနေသော၊ တိုးတက်ဖွံ့ဖြိုးနေသော နည်းဥပဒေများကို ကန့်သတ်သည် (သို့) ထိခိုက်နစ်နာစေသည်ဟူ၍ အဓိပ္ပါယ်မဖွင့်ဆိုနိုင်ပေ။

## ပုဒ်မ (၁၁)
## အချိန်ကာလ အရ စီရင်ပိုင်ခွင့်အာဏာ

၁။ တရားရုံးသည် ဤဥပဒေ အကျိုးသက်ရောက်ပြီးမှသာလျှင် ပြစ်မှုကျူးလွန်ခြင်းများကို စီရင်ပိုင်ခွင့်ရှိသည် ။

၂။ အကယ်၍ နိုင်ငံတခုသည် ပုဒ်မ (၁၂) အပိုဒ် (၃) အရ ကြေညာချက် မထုတ်ပြန်ရသေးလျှင် ဤဥပဒေအာဏာတည်ပြီးနောက် အဆိုပါနိုင်ငံသည် စာချုပ်ဝင်နိုင်ငံဖြစ်လာသောအခါ တရားရုံးသည်

**မြန်မာနိုင်ငံရှေ့နေများကောင်စီ က ဘာသာပြန်ဆိုသည်။**

ဤဥပဒေအာဏာ တည်ပြီးနောက် ဖြစ်ပွားသော ပြစ်မှုကျူးလွန်ခြင်းများနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

## ပုဒ်မ (၁၂)
## စီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးရာ၌ ကြိုတင်သတ်မှတ်ချက်များ

၁။ နိုင်ငံတခုသည် ဤဥပဒေ၌ စာချုပ်ဝင်နိုင်ငံဖြစ်လာခြင်းဖြင့် ပုဒ်မ (၅) ၌ ဖော်ပြထားသော ပြစ်မှုများနှင့် ပတ်သက်၍ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို လက်ခံသည် ။

၂။ ပုဒ်မ (၁၃) အပိုဒ် (က) (သို့) (ဂ)တို့တွင် ဤဥပဒေ၏စာချုပ်ဝင်ဖြစ်သော (သို့) အပိုဒ် (၃)အရ တရားရုံး၏ စီရင်ပိုင်ခွင့်ကိုခံယူပြီးသော အောက်ဖော်ပြပါနိုင်ငံတစ်နိုင်ငံ (သို့) ထို့ထက်ပိုသော နိုင်ငံများတွင် တရားရုံးသည် ၎င်း၏ စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်သည်။

(က) *နယ်မြေပိုင်နက်အတွင်း၌ ပြဿနာဖြစ်ပွားပေါ်ပေါက်ရာ နိုင်ငံ (သို့မဟုတ်)* --- အကယ်၍ ပြစ်မှုကို ရေယာဉ်၊ သို့ မဟုတ် လေယာဉ်အပေါ်တွင် ကျူးလွန်ခြင်းဖြစ်လျင် ထိုယာဉ်အား မှတ်ပုံတင်ထားရာ နိုင်ငံ ။

(ခ) ပြစ်မှုစွပ်စွဲခံရသူသည် ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်နေသောနိုင်ငံ ။

၃။ အကယ်၍ အပိုဒ်(၂)အရ ဤဥပဒေ၏ စာချုပ်ဝင်မဟုတ်သော နိုင်ငံတစ်ခုသည် တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံလိုလျင် ထိုနိုင်ငံသည် မှတ်ပုံတင်အရာရှိထံတွင် ကြေညာချက်တင်သွင်းပါက ပြဿနာဖြစ်ပွားသော ပြစ်မှုနှင့် စပ်လျဥ်း၍ တရားရုံးက စီရင်ပိုင်ခွင့်အာဏာကျင့်သုံးခြင်းကို လက်ခံနိုင်သည်။ ထိုသို့ လက်ခံသောနိုင်ငံသည် အပိုင်း (၉) နှင့်အညီ နှောင့်နှေးမှု (သို့) ခြွင်းချက်မရှိဘဲ တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ရမည်။

## ပုဒ်မ (၁၃)
## စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း

တရားရုံးသည် ပုဒ်မ (၅)၌ ဖော်ပြထားသော ပြစ်မှုတစ်ခုခုနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အခြေအနေများ၌ ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်သည်။

(က) ကျူးလွန်သည်ဟုယူဆရသော ပြစ်မှုတစ်ခုကို (သို့) ထို့ထက်ပိုသောပြစ်မှုများကို စာချုပ်ဝင်နိုင်ငံမှ တရားစွဲဆိုသူထံသို့ ပုဒ်မ (၁၄) အရ လွှဲပြောင်းပေးသည့် အခြေအနေ။

(ခ) ကျူးလွန်သည်ဟုယူဆရသော ပြစ်မှုတစ်ခုကို (သို့) ထို့ထက်ပိုသောပြစ်မှုများကို လက်ရှိတာဝန်ယူလျက်ရှိသော လုံခြုံရေးကောင်စီမှ တရားစွဲဆိုသူထံသို့ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်း အခန်း (၇) အရ လွှဲပြောင်းပေးသည့်အခြေအနေ (သို့မဟုတ်)

(ဂ) ဤသို့သော ပြစ်မှုမျိုးနှင့်ပတ်သက်၍ တရားစွဲဆိုသူမှ ပုဒ်မ (၁၅)နှင့်အညီ စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်သည့် အခြေအနေ။

## ပုဒ်မ (၁၄)
## စာချုပ်ဝင်နိုင်ငံက အခြေအနေတခုကို လွှဲပြောင်းပေးအပ်ခြင်း

၁။ တရားရုံး၏ စီရင်ပိုင်ခွင့်ဆောင်အတွင်းရှိ ပြစ်မှုကို ကျူးလွန်သည်ဟု ယူဆရသည့် ပြစ်မှုတစ်ခု (သို့) တစ်ခုထက်ပိုသည့် ပြစ်မှုများကို ကျူးလွန်နိုင်ဖွယ်ရှိကြောင်းဖြင့် ဤသို့သော ပြစ်မှုကျူးလွန်သူ တစ်ဦး (သို့) ထိုထက်ပိုသူများကို တရားစွဲဆို သင့်/မသင့် ဆုံးဖြတ်ရမည့် အခြေအနေများကို စုံစမ်းစစ်ဆေးပေးရန် စာချုပ်ဝင်နိုင်ငံတနိုင်ငံက တရားစွဲအရာရှိထံသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

၂။ လွှဲပြောင်းပေးသောနိုင်ငံမှ အခြေအနေကို လွှဲပြောင်းပေးရာ၌ ရရှိနိုင်သည့် သက်ဆိုင်ရာ အခြေအနေများနှင့်တကွ အထောက်အကူဖြစ်စေမည့် စာရွက်စာတမ်းများကို ရနိုင်သမျှ အသေးစိတ် တင်ပြရမည်။

## ပုဒ်မ (၁၅)
## တရားစွဲ အရာရှိ

၁။ တရားစွဲအရာရှိသည် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအတွင်းတွင်ရှိသော ပြစ်မှုများနှင့် ဆက်စပ်သည့် သတင်းများအပေါ်တွင် အခြေပြုကာ စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်နိုင်သည်။

၂။ တရားစွဲအရာရှိသည် လက်ခံရရှိသည့် သတင်းအချက်အလက်များ၏ အတိမ်အနက်ကို ခွဲခြမ်းစိတ်ဖြာရမည်။ ထိုသို့ လုပ်ဆောင်နိုင်စေရန် တရားစွဲအရာရှိသည် နိုင်ငံများ ၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ (သို့) အစိုးရအချင်း ချင်း (သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့မဟုတ်)၊ ထိုသူမှ သင့်လျော်သည်ဟုယူဆရသည့် ယုံကြည်စိတ်ချရသော ရင်းမြစ်များမှ ထပ်ပေါင်းအပိုသတင်း အချက်အလက်များနှင့်၊ တရားရုံး၏ ရုံးစိုက်ရာနေရာမှ နှုတ်ဖြင့် (သို့) စာဖြင့်ရေးထားသည့် သက်သေခံချက်များကို ရှာဖွေနိုင်၊ လက်ခံနိုင်သည်။

၃။ အကယ်၍ တရားစွဲအရာရှိက စုံစမ်းထောက်လှမ်းခြင်းဖြင့် တရားစွဲဆိုရန် ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းရှိသည်ဟု ကောက်ချက်ချပါက သူ (သို့မဟုတ်) သူမသည် စုဆောင်းရရှိသော အထောက်အကူဖြစ်စေမည့် အချက်များနှင့်တကွ စုံစမ်းထောက်လှမ်းမှုပြုလုပ်နိုင်ခွင့် တောင်းခံစာကို အကြိုစစ်ဆေးသော တရားသူကြီးရုံးသို့ တင်ပြရမည်။ ပြစ်မှုကျူးလွန်ခြင်းခံရသူများသည် အကြိုစစ်ဆေးသော တရားသူကြီးရုံးတွင် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများနှင့်အညီ ကိုယ်စားပြုနိုင်သည်။

၄။ အကယ်၍ ထိုတောင်းခံစာနှင့် အထောက်အကူပြု အချက်များကို စစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးမှု ဆက်လက်ဆောင်ရွက်နိုင်ရန် ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းရှိကြောင်း၊ ထိုအမှုသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းတွင်ရှိကြောင်း ယူဆပါက ဤအမှုကို စီရင်ပိုင်ခွင့်၊ အမှုလက်ခံနိုင်ခွင့် စသည်တို့နှင့်စပ်လျဉ်းသည့် တရားရုံး၏ နောက်ဆက်တွဲ ဆုံးဖြတ်ချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အကြိုစစ်ဆေးစီရင်သော တရားသူကြီးရုံးသည် စုံစမ်းထောက်လှမ်းမှုစတင်ရန် ခွင့်ပြုရမည်။

၅။ အကြိုစစ်ဆေးစီရင်သော တရားသူကြီးရုံးအနေဖြင့် စုံစမ်းထောက်လှမ်းမှုပြုလုပ်ရန် ခွင့်မပြုသော်လည်း ၎င်းသည် အလားတူအခြေအနေနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် သက်သေများကို အခြေပြု၍ တရားစွဲအရာရှိက နောက်ဆက်တွဲတောင်းဆိုတင်ပြခြင်းကို ဟန့်တားမည်မဟုတ်ပေ ။

၆။ အကယ်၍ အပိုဒ် (၁ နှင့် ၂)တို့တွင် ဖော်ပြထားသကဲ့သို့ တရားစွဲအရာရှိသည် ပဏာမစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တင်ပြလာသော သတင်းအချက်အလက်များတွင် စုံစမ်းထောက်လှမ်းမှုပြုလုပ်ရန် ကျိုးကြောင်းခိုင် လုံသည့်အကြောင်းရင်းမရှိဟု ကောက်ချက်ချပါက သူ (သို့) သူမသည် ယင်းနှင့်စပ်လျဉ်း၍ သတင်းပေးပို့လာသူအား အကြောင်းကြားရမည်။ ထိုသို့ပြုလုပ်ခြင်းသည် အလားတူအခြေအနေနှင့် စပ်လျဉ်း၍ သက်သေအထောက်အထားအသစ်များဖြင့် တင်ပြလာသော နောက်ထပ် သတင်းအချက်အလက် များအပေါ် တရားစွဲအရာရှိက စဉ်းစားသုံးသပ်ခြင်းကို ဟန့်တားမှုမရှိစေရ။

## ပုဒ်မ ( ၁၆ )
## စုံးစမ်းစစ်ဆေးမှု ( သို့မဟုတ် ) တရားစွဲဆိုမှုကို ရွှေ့ဆိုင်းခြင်း

လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ပဋိဉာဉ်စာတမ်း အခန်း (၇) အောက်ရှိ သဘောတူညီထားသည့်ဆုံးဖြတ်ချက်အရ တရားရုံးသို့ မေတ္တာရပ်ခံ ပန်ကြားပြီးပါက ဤဥပဒေအရ မည်သည့် စုံစမ်းထောက်လှမ်းမှု (သို့မဟုတ်) တရားစွဲဆိုခြင်းကိုမျှ ၁၂ လအချိန်အတွင်း၌ စတင်နိုင်ခြင်းမရှိစေရ။ အလားတူအခြေအနေများတွင် လုံခြုံရေးကောင်စီက ထိုမေတ္တာရပ်ခံပန်ကြားချက်ကို ထပ်မံသက်တမ်းတိုးနိုင်သည် ။

# ပုဒ်မ (၁၇)
# အမှုလက်ခံခြင်းဆိုင်ရာ ပြဿနာများ

၁။ နိဒါန်း အပိုဒ် (၁၀)နှင့် ပုဒ်မ (၁)တို့ကို ထောက်ထားလျက် တရားရုံးသည် အောက်ဖော်ပြပါ အခြေအနေများတွင် အမှုလက်ခံနိုင်ခြင်းမရှိဟု ဆုံးဖြတ်ရမည်။

(က) စုံစမ်းစစ်ဆေးမှု (သို့) တရားစွဲဆိုမှုကို ဆောင်ရွက်ရန် လိုလားမှုမရှိသည်မဟုတ် (သို့) မစွမ်းဆောင်နိုင်မှုမျိုး မရှိသည် မဟုတ်သော အခြေအနေတွင် အမှုကို စီရင်ပိုင်ခွင့်ရှိသည့်နိုင်ငံသည် စုံစမ်းစစ်ဆေးမှုကို (သို့) တရားစွဲဆိုမှုကို ပြုလုပ်နေဆဲဖြစ်ခြင်း။

(ခ) အမှုကိုစီရင်ပိုင်ခွင့်ရှိသည့်နိုင်ငံက စုံစမ်းထောက်လှမ်းမှုများပြုလုပ်ပြီးနောက် ထိုနိုင်ငံက သက်ဆိုင်သောသူကို တရားစွဲဆိုခြင်းမပြုရန် ဆုံးဖြတ်ပြီးဖြစ်ခြင်း။ ဤအခြေအနေ၌ ထိုနိုင်ငံ၏ ဆုံးဖြတ်ချက်သည် လိုလားမှုမရှိသည် မဟုတ် (သို့) မစွမ်းဆောင်နိုင်မှုမျိုး မရှိသည် မဟုတ်ဘဲ ထွက်ပေါ်လာခြင်းဖြစ်သည် ။

(ဂ) တိုင်ကြားမှုကြောင့် ဖြစ်ပေါ်လာသော အပြုအမူအတွက် သက်ဆိုင်သောသူကို ရုံးတင်စစ်ဆေးပြီးဖြစ်ခြင်း၊ ပုဒ်မ (၂၀) အပိုဒ် (၃) အရ တရားရုံး၏ စစ်ဆေးစီရင်ခြင်းကို ခွင့်မပြုသော အခြေအနေ။

(ဃ) အမှုကို တရားရုံးက ရှေ့ဆက်ဆောင်ရွက်နိုင်ရန် လုံလောက်သည့် အကြောင်းရင်းမရှိသောအခြေအနေ။

၂။ တရားရုံးသည် တစုံတခုသော အမှုကိစ္စတစ်ခုတွင် နိုင်ငံတစ်ခု၏ ‘လိုလားမှုမရှိခြင်း’ ကို ဆုံးဖြတ်ရာ၌ အပြည်ပြည်ဆိုင်ရာဥပဒေမှ အသိအမှတ်ပြုထားသော သင့်လျော်သော လုပ်ထုံးလုပ်နည်းများဆိုင်ရာ မူသဘောတရားများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအချက်တစ်ခု (သို့) ထို့ထက်ပိုသော အချက်များ ရှိ/မရှိ စဉ်းစားသုံးသပ်မည်။

(က) ပုဒ်မ (၅) ၌ ဖော်ပြထားသော တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုများအတွက် နိုင်ငံတော်၏ ဆုံးဖြတ်မှုများ (သို့မဟုတ်) အမှုဆိုင်ရာဆောင်ရွက်ချက်များသည် ပြစ်မှုဆိုင်ရာတာဝန်ရှိသော သက်ဆိုင်သူကို အကာအကွယ်ပေးရန် ရည်ရွယ်လုပ်ဆောင်နေခြင်း (သို့) လုပ်ဆောင်ခဲ့ခြင်း ရှိ/မရှိ ။

(ခ) တရားစွဲဆိုဆောင်ရွက်ရာတွင် မလိုလားအပ်သော နှောင့်နှေးမှုများ ရှိ/မရှိ ။ ဤနေရာ၌ သက်ဆိုင်သောသူကို ဖမ်းဆီးရုံးတင်ရန် ရည်ရွယ်ချက်နှင့် ဆန့်ကျင်သည့် နှောင့်နှေးမှုမျိုးဖြစ်သည်။

(ဂ) တရားစွဲဆိုခြင်းများကို လွတ်လပ်စွာ (သို့) ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ထို့ပြင် သက်ဆိုင်သောသူကို ဖမ်းဆီးရုံးတင်ရန်ရည်ရွယ်ချက်နှင့် ဆန့်ကျင်သည့်နည်းလမ်းဖြင့် ထိုတရားစွဲဆိုခြင်းများအား ဆောင်ရွက်ခဲ့သည် (သို့) ဆောင်ရွက်နေသည်။

၃။ တရားရုံးသည် တစုံတခုသောအမှုကိစ္စတစ်ခုတွင် နိုင်ငံတစ်ခု၏ ‘ဆောင်ရွက်ရန် စွမ်းဆောင်နိုင်မှုမရှိခြင်း’ ကို ဆုံးဖြတ်ရာ၌ ထိုနိုင်ငံ၏ နိုင်ငံတော် တရားစီရင်ရေးစနစ် လုံး၀ ပြိုပျက်သွားမှုကြောင့် (သို့) လုံး၀ အသုံးမပြုနိုင်သောကြောင့်သာ ဖြစ်စေရမည်။ ထိုနိုင်ငံသည် တရားခံကို (သို့) လိုအပ်သော သက်သေအထောက်အထားများကို ရရှိရန် စွမ်းဆောင်နိုင်ခြင်းမရှိလျှင် (သို့) ထိုနိုင်ငံမှ တရားစွဲဆိုခြင်းများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် တရားရုံးက ထိုသို့ စဉ်းစားသုံးသပ်မည်။

## ပုဒ်မ (၁၈)
## အမှုလက်ခံနိုင်ခြင်းနှင့် ပတ်သက်သော ပဏာမစီရင်ထုံးများ

၁။ ပုဒ်မ (၁၃၊ က) နှင့်အညီ အခြေအနေတခုကို တရားရုံးသို့ လွှဲပြောင်းပေးပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ခိုင်လုံသည့် အကြောင်းရင်းရှိနိုင်သည်ဟု တရားစွဲအရာရှိက ဆုံးဖြတ်ပါက (သို့) ပုဒ်မ (၁၃၊ ဂ) နှင့် ပုဒ်မ (၁၅) တို့နှင့်အညီ တရားစွဲအရာရှိက စုံစမ်းစစ်ဆေးမှုပြုလုပ်ပါက ၎င်းသည် အားလုံးသော စာချုပ်ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာပြစ်မှုများကို တရားစီရင်ဆောင်ရွက်မည့် နိုင်ငံများအား ရရှိထားသော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ အသိပေးကြေညာရမည်။ တရားစွဲအရာရှိက ဤသို့သောနိုင်ငံများကို လျှို့ဝှက်စွာ အသိပေးကြေညာမည်ဖြစ်ပြီး၊ လူပုဂ္ဂိုလ်များကို အကာအကွယ်ပေးရန်၊ သက်သေအထောက်အထားများ ပျက်စီးဆုံးရှုံးခြင်းမရှိစေရန် (သို့) လူပုဂ္ဂိုလ်များ ထွက်ပြေးတိမ်းရှောင်ခြင်း မရှိစေရန် လိုအပ်သည်ဟု တရားစွဲအရာရှိက ထင်မြင်ယူဆလျှင်မူ ထိုနိုင်ငံများသို့ သတင်းအချက်အလက်များ ဖြန့်ဖြူးမှုအတိုင်းအတာကို ကန့်သတ်ထားစေရမည်။

၂။ ဤအသိပေးကြေညာချက်လက်ခံရရှိပြီး တစ်လအတွင်းတွင် သက်ဆိုင်ရာနိုင်ငံသည် ပုဒ်မ (၅)ပါအချက်များအရ ရာဇ၀တ်မှုဖြစ်နေနိုင်သည့် ပြစ်မှုကျူးလွန်မှုများ၊ အသိပေးကြေညာချက်တွင်ပါရှိသော သတင်းအချက်အလက်များနှင့် ဆက်စပ်နေသည့် ပြစ်မှုကျူးလွန်မှုများ စသည်တို့အတွက် ၎င်း၏နိုင်ငံသားများ (သို့) အခြားသူများကို ၎င်း၏ တရားစီရင်ပိုင်ခွင့်ဘောင်အတွင်းတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း (သို့) ပြုလုပ်ပြီးဖြစ်ကြောင်းကို တရားရုံးသို့သတင်းပို့ရမည်။ တရားစွဲအရာရှိ၏ လျှောက်ထားချက်အပေါ် အခြေပြု၍ တရားရုံးတင် မစစ်ဆေးမီ ကြားနာရာတွင် စုံစမ်းစစ်ဆေးမှုကို တာဝန်ယူဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း မဟုတ်လျှင် သက်ဆိုင်ရာနိုင်ငံက မေတ္တာရပ်ခံပါက တရားစွဲအရာရှိသည် ပြစ်မှုကျူးလွန်သည်ဟု ယူဆရသူများအပေါ် ထိုနိုင်ငံမှ စုံစမ်းစစ်ဆေးမှုများအား ရပ်ဆိုင်းထားစေရမည်။

၃။ နိုင်ငံတစ်ခု၏ စုံစမ်းစစ်ဆေးမှုများကို တရားစွဲအရာရှိက ဆိုင်းငံ့ထားပြီးနောက် (၆) လကြာသည့်နေ့တွင် သို့မဟုတ် ထိုနိုင်ငံအနေဖြင့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်ရန် မလိုလား

တော့ခြင်း (သို့) ဆက်လက်ဆောင်ရွက်နိုင်စွမ်းမရှိတော့ခြင်း စသည့် ပြောင်းလဲမှုမျိုး ကြီးကြီးမားမား ဖြစ်လာသည့်အခါတွင် ယင်းကို ပြန်လည်သုံး သပ်ရန် တရားစွဲအရာရှိက အမှုကို ပြန်လည်ဖွင့်လှစ်ရမည်။

၄။ တရားရုံးတင် မစစ်ဆေးမီ ကြားနာပြီးနောက် ယင်းစီရင်ချက်အပေါ် မကြေနပ်လျှင် သက်ဆိုင်ရာနိုင်ငံ (သို့) တရားစွဲအရာရှိက ပုဒ်မ (၈၂) နှင့်အညီ အယူခံတရားခွင်သို့ အယူခံဝင်ရမည်။ ထိုအယူခံကို အဆောတလျင် ကြားနာစစ်ဆေးစေရမည်။

၅။ အပိုဒ် (၂) နှင့်အညီ တရားစွဲအရာရှိက စုံစမ်းစစ်ဆေးမှုကို ရွှေ့ဆိုင်းထားပြီးနောက် သက်ဆိုင်ရာနိုင်ငံ၏ စုံစမ်းစစ်ဆေးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် နောက်ဆက်တွဲပြစ်မှုကြောင်းရာ တရားစွဲဆိုမှုများကို မိမိအား အချိန်မှန်သတင်းပို့ရန် တရားစွဲအရာရှိက တောင်းခံရမည်။ ထိုသို့သော တောင်းခံမှုများအပေါ် စာချုပ်ဝင်နိုင်ငံများက လွန်ကဲသော နှောင့်နှေးကြန့်ကြာမှုများမရှိစေပဲ ပြန်ကြားရမည်။

၆။ အရေးပါသော သက်သေထောက်အထားများကို ရရှိနိုင်ရန်အတွက် ထူးကဲသောအခွင့်အလမ်းရှိသည် (သို့) စွန့်စားမှု တစုံတရာမပြုဘဲ ဤကဲ့သို့သော သက်သေအထောက်အထားများ နောက်နောင်တွင် ရရှိနိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေရှိသည်ဟု ယူဆရပါက တရားရုံးတင် မစစ်ဆေးမီ ကြားနာရာ၌ ရွှေ့ဆိုင်းထားစဉ်ကာလအတွင်း (သို့) ဤပုဒ်မအရ တရားစွဲအရာရှိက စုံစမ်းစစ်ဆေးမှုကို ရွှေ့ဆိုင်းထားစဉ်ကာလအတွင်း မည်သည့်အချိန်ကာလ၌မဆို သက်သေအထောက်အထားများ ရယူနိုင်ရန်အတွက် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ခြွင်းချက်အနေဖြင့် ပြုလုပ်နိုင်ရန် တရားစွဲအရာရှိက အကြိုစစ်ဆေးစီရင်သော တရားသူကြီးရုံးကို တောင်းဆိုနိုင်သည်။

၇။ ဤပုဒ်မနှင့်အညီ တရားရုံးတင်မစစ်ဆေးမီကြားနာရာ၌ တရားစီရင်မှုတစ်ခုအပေါ် နိုင်ငံတစ်ခုက စိန်ခေါ်ပါက ထပ်ပေါင်းအရေးပါသည့် အချက်များ (သို့) အခြေအနေများ သိသာစွာ ပြောင်းလဲခြင်းများအပေါ်မူတည်သည့် အကြောင်းပြချက်များဖြင့် ပုဒ်မ (၁၉) အရ အမှုတစ်ခု လက်ခံနိုင်စွမ်းအပေါ် စိန်ခေါ် နိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၁၉)
## တရားရုံး၏ စီရင်ပိုင်ခွင့်ကို (သို့) အမှုတခုအား လက်ခံခြင်းကို စိန်ခေါ်ခြင်းများ

၁။ တရားရုံးသည် ၎င်းထံသို့ တင်ပြလာသည့် မည်သည့်အမှုကိုမဆို တရားစီရင်ပိုင်ခွင့်အာဏာ ရှိသောအခါ၌ ကြေနပ်မှုရှိစေရမည်။ တရားရုံးသည် ပုဒ်မ (၁၇) နှင့်အညီ ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အမှုတခုအား လက်ခံနိုင်ခြင်း ရှိ/မရှိ ကို စဉ်းစားဆုံးဖြတ်မည်။

၂။ ပုဒ်မ (၁၇) တွင်ပါရှိသော အကြောင်းပြချက်များဖြင့် အမှုတခုအား လက်ခံခြင်းကို (သို့) တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာကို အောက်ဖော်ပြပါတို့က စိန်ခေါ် နိုင်သည်။

(က) တရားခံတစ်ဦး သို့မဟုတ်၊ ပုဒ်မ (၅၈)အရ ဖမ်းချုပ်ရန်ဝရမ်း (သို့) တရားရုံးရှေ့မှောက်သို့ လာရောက်ရန် သမ္မာန်စာထုတ်ပြန်ခြင်းခံရသူတစ်ဦး၊

(ခ) အမှုကို စုံစမ်းစစ်ဆေးနေသည် (သို့) တရားစွဲဆိုဆောင်ရွက်နေသည် (သို့) စုံစမ်းစစ်ဆေးခဲ့သည် (သို့) တရားစွဲဆိုဆောင်ရွက်ခဲ့သည်ဟူသော အကြောင်းပြချက်ဖြင့် အမှုတစ်ခုကို တရားစီရင်ပိုင်ခွင့်အာဏာရှိသော နိုင်ငံ၊

(ဂ) ပုဒ်မ (၁၂) အရ တရားစီရင်ပိုင်ခွင့်အာဏာ လက်ခံရရှိရန် လိုအပ်နေသော နိုင်ငံ၊

၃။ တရားစွဲအရာရှိသည် စီရင်ပိုင်ခွင့်အာဏာ (သို့) အမှုလက်ခံခြင်းနှင့်ပတ်သက်သည့် စီရင်ချက်ကို တရားရုံးမှ တောင်းခံနိုင်သည်။ စီရင်ပိုင်ခွင့်အာဏာ (သို့) အမှုလက်ခံခြင်းနှင့်စပ်လျဉ်းသည့် စစ်ဆေးစီရင်မှုများတွင် ထိခိုက်ကျူးလွန်ခံရသူများ အပါအဝင် ပုဒ်မ (၁၃) နှင့်အညီ အခြေအနေတစ်ခုကို ရည်ညွှန်းသောသူများသည်လည်း လေ့လာချက်များကို တရားရုံးသို့ တင်သွင်းနိုင်သည်။

၄။ အမှုတခု လက်ခံခြင်း (သို့မဟုတ်) တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို အပိုဒ် (၂) တွင်ဖော်ပြထားသော မည်သည့်လူပုဂ္ဂိုလ် (သို့) နိုင်ငံမဆိုက တကြိမ်တခါသာ စိန်ခေါ်နိုင်သည်။ တရားစစ်ဆေးစီရင်ခြင်း မစတင်မီတွင် (သို့) တရားစစ်ဆေးစီရင်ခြင်း ကနဦးပိုင်းကာလတွင် စိန်ခေါ် နိုင်သည်။ ခြွင်းချက်အခြေအနေများတွင် တရားရုံးသည် တကြိမ်တခါထက်မကသော စိန်ခေါ် ခြင်းကို (သို့) စစ်ဆေးစီရင်ခြင်း ကနဦးပိုင်းကာလထက်ကျော်လွန်သော နောက်ပိုင်းကာလများ၌ စိန်ခေါ် ခြင်းကို ခွင့်ပြုမည်။ အမှုလက်ခံခြင်းအပေါ် စိမ်ခေါ် ခြင်းကို တရားစစ်ဆေးစီရင်သည့် ကနဦးပိုင်းကာလတွင် (သို့) နောက်ပိုင်းတွင် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ပုဒ်မ (၁၇) အပိုဒ် (၁ ၊ ဂ) တစ်ခုတည်းကိုသာ အခြေပြု၍ စိန်ခေါ်ရမည်။

၅။ အပိုဒ် ၂ (ခ) နှင့် (ဂ)တို့တွင် ရည်ညွှန်းထားသော နိုင်ငံတစ်ခုသည် တတ်နိုင်သမျှ အစောဆုံးကာလတွင် စိန်ခေါ်ရမည်။

၆။ အမှုတခုလက်ခံခြင်းကို စိန်ခေါ်ရာတွင် (သို့) တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာကို စိန်ခေါ်ရာတွင် စွဲချက်များကို အတည်ပြုချိန်မတိုင်မီကာလ၌ ရုံးမတင်မီ ကြားနာစစ်ဆေးသည့် တရားခွင်သို့ တင်သွင်းရမည်။ စွဲချက်များကို အတည်ပြုပြီးသည့်နောက်ပိုင်းကာလတွင် ၎င်းတို့အား တရားရုံးတရားခွင်သို့ တင်သွင်းရမည်။ စီရင်ပိုင်ခွင့်အာဏာ (သို့) အမှုလက်ခံခြင်းတို့နှင့် သက်ဆိုင်သည့် စီရင်ချက်များအပေါ် ပုဒ်မ (၈၂) နှင့်အညီ အယူခံဝင် တရားခွင်သို့ အယူခံဝင်ရမည်။

၇။ အပိုဒ် ၂ (ခ) သို့မဟုတ် (ဂ) တို့တွင် ဖော်ပြထားသော နိုင်ငံတစ်ခုမှ စိန်ခေါ်လာပါက ပုဒ်မ (၁၇) နှင့်အညီ တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အချိန်မတိုင်မီအထိ တရားစွဲအရာရှိက စုံစမ်းစစ်ဆေးမှုကို ဆိုင်းငံ့ထားရမည်။

၈။ တရားရုံးက စီရင်ချက်ဆိုင်းငံ့ထားသည့် ကာလအတွင်းတွင် တရားစွဲအရာရှိက အောက်ဖော်ပြပါ လုပ်ပိုင်ခွင့် အာဏာများကို တရားရုံးထံမှ တောင်းဆိုနိုင်သည်။

(က) ပုဒ်မ (၁၈) အပိုဒ် (၆) တွင်ဖော်ပြထားသော လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နိုင်ရန် အခွင့်အာဏာ၊

(ခ) သက်သေထံမှ ထွက်ဆိုချက် (သို့) သက်သေခံချက်ရယူရန် (သို့မဟုတ်) စောဒကမတက်မီကာလက စတင်လုပ်ဆောင်ခဲ့သော သက်သေအထောက်အထားများ စုဆောင်းခြင်း၊ စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ရန် အခွင့်အာဏာ၊

(ဂ) ပုဒ်မ (၅၈) အရ တရားစွဲဆိုသူမှ တောင်းဆိုထားသည့် ဖမ်းဆီးရန် ဝရမ်းထုတ်ထားသူများ ထွက်ပြေးတိမ်းရှောင်ခြင်း မရှိစေရန်အတွက် သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းကာကွယ်ရန် အခွင့်အာဏာ၊

၉။ စိန်ခေါ် ခြင်းကြောင့် တရားစွဲအရာရှိ၏ လုပ်ဆောင်ခဲ့များ တရားမဝင်မဖြစ်စေရ။ (သို့မဟုတ်) စောဒကမတက်မီ၌ တရားရုံးမှ ထုတ်ပြန်ခဲ့သော အမိန့်များ (သို့) ဝရမ်းများ တရားမဝင်မဖြစ်စေရ။

၁၀။ ပုဒ်မ (၁၇) အရ အမှုလက်ခံနိုင်ခြင်းမရှိဟု တရားရုံးက ဆုံးဖြတ်ပြီးနောက်တွင်၊ ယခင်က ပုဒ်မ (၁၇) အရ လက်ခံနိုင်ခြင်းမရှိသော အကြောင်းအချက်များနှင့် ကွဲလွဲသော အကြောင်းအချက်သစ်များ ထွက်ပေါ်လာသည်ဟု တရားစွဲအရာရှိက အခိုင်အမာယူဆပါက ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် ၎င်းအနေဖြင့် တရားရုံးသို့ မေတ္တာရပ်ခံစာ တင်သွင်းနိုင်သည်။

၁၁။ ပုဒ်မ (၁၇) တွင် ပြဋ္ဌာန်းထားချက်များကို ထောက်ထားပြီးနောက်၊ အကယ်၍ တရားစွဲ အရာရှိသည် စုံစမ်းစစ်ဆေးခြင်းကို ရွှေ့ဆိုင်းလျှင်၊ ၎င်းသည် မှုခင်းနှင့်စပ်လျဉ်း၍ ၎င်းထံ သတင်းအချက်အလက်ပေးပို့သော သက်ဆိုင်ရာနိုင်ငံအား မေတ္တာရပ်ခံနိုင်သည်။ သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုပါက ထိုသတင်းအချက်အလက်များကို လျှို့ဝှက်သတင်းအချက်အလက်များအဖြစ် ထားရှိရမည်။ ၎င်းနောက် စုံစမ်းစစ်ဆေးမှုကို ဆက်လက်ဆောင်ရွက်ရန် တရားစွဲအရာရှိက ဆုံးဖြတ်ပါက ၎င်းသည် အမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှဲပြောင်းခြင်းခံရသောနိုင်ငံသို့ အသိပေးကြေညာရမည်။

## ပုဒ်မ (၂၀)
## ပြစ်မှုတခုအတွက် ပြစ်ဒဏ်နှစ်ကြိမ် မချမှတ်ရခြင်း

၁။ ဤဥပဒေ၌ ဖော်ပြထားသည်များမှလွဲ၍ မည်သူ့ကိုမျှ တရားရုံးမှ အပြစ်ပေးစီရင်ပြီးသော (သို့) တရားသေလွှတ်ပြီးသော ရာဇဝတ်မှုအတွက် တရားရုံးတွင် ကြားနာစစ်ဆေးမည်မဟုတ်ပေ။

၂။ တရားရုံးမှ အပြစ်ပေးစီရင်ပြီးသော (သို့) တရားသေလွှတ်ပြီးသော ပုဒ်မ (၅) တွင်ပါရှိသည့် ရာဇဝတ်မှုအတွက် မည်သူ့ကိုမျှ အခြားတရားရုံး၌ ကြားနာစစ်ဆေးခြင်းမပြုလုပ်နိုင်ပေ။

၃။ အခြားတရားရုံးမှ ကြားနာစစ်ဆေးပြီးသော ပုဒ်မ (၆ ၊ ၇ သို့မဟုတ် ၈) တို့၌ပါရှိသည့် ရာဇဝတ်မှုများအတွက် အခြားတရားရုံးမှ အောက်ပါအချက်များနှင့်ကိုက်ညီနေခြင်းမရှိပါက တရားရုံးမှ ထပ်မံ ကြားနာစစ်ဆေးမည် မဟုတ်ပေ။

(က) တရားရုံး၏ အမှုဆိုင်ရာဆောင်ရွက်ချက်သည် တရားရုံး၏ စီရင်မှုဘောင်တွင်းရှိ ပြစ်မှုများအောက်ရှိ အမှုများနှင့်ပတ်သက်နေသူကို အကာအကွယ်ပေးရန် ရည်ရွယ်ချက်ရှိခဲ့ခြင်း။ သို့မဟုတ်–

(ခ) ထိုတရားရုံးသည် အပြည်ပြည်ဆိုင်ရာဥပဒေမှ အသိအမှတ်ပြုထားသော လုပ်ရိုးလုပ်စဉ်၏ စံများအရ အမှုဆိုင်ရာ ဆောင်ရွက်ချက်များကို သီးခြား လွတ်လပ်စွာ (သို့) ဘက်မလိုက်ပဲ လုပ်ဆောင်ခဲ့မှု မပြုခဲ့ခြင်း၊ ပြစ်မှုကျူးလွန်သောသူကို တရားမျှတစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်နှင့် ဆန့်ကျင်၍ အမှုဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ခြင်း။

## ပုဒ်မ (၂၁)
## ကျင့်သုံးနိုင်သော ဥပဒေ

၁။ တရားရုံးသည် –

(က) ပထမအဆင့်အနေဖြင့် ဤဥပဒေ၊ ပြစ်မှုများ၏ အခြေခံများနှင့် လုပ်ထုံးလုပ်နည်းနှင့် သက်သေခံဆိုင်ရာ နည်းဥပဒေများကို ကျင့်သုံးမည်။

(ခ) သင့်တင့်လျောက်ပတ်မည်ဆိုပါက ဒုတိယအဆင့်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သော အတည်ပြုထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ မူများအပါအဝင် ကျင့်သုံးနိုင်သော နိုင်ငံတကာစာချုပ်စာတမ်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၏ မူများနှင့် နည်းဥပဒေများကို ကျင့်သုံးမည်။

(ဂ) အထက်ပါတို့ကို ကျင့်သုံးခွင့်မရနိုင်လျှင် ပြစ်မှုအပေါ်တွင် စီရင်ပိုင်ခွင့်အာဏာကို သာမန်အားဖြင့် ကျင့်သုံးသော နိုင်ငံ၏ အမျိုးသားဥပဒေများသည် ဤဥပဒေ၊ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာက အသိအမှတ်ပြု လက်ခံထားသော စံထားချက်များနှင့် မဆန့်ကျင်လျှင် ယင်းတို့အပါအဝင် ကမ္ဘာ့ဥပဒေစနစ်၏ အမျိုးသားဥပဒေများဖြင့် တည်ထောင်သော တရားရုံး၏ ဥပဒေ အထွေထွေမူများကို ကျင့်သုံးမည်။

၂။ တရားရုံးသည် ၎င်း၏ ယခင်ဆုံးဖြတ်ချက်များ၌ ဖွင့်ဆိုထားသကဲ့သို့ မူများနှင့် နည်းဥပဒေများကို အသုံးပြုမည်။

၃။ ဤပုဒ်မကိုမူတည်၍ ဥပဒေကိုကျင့်သုံးခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းသည် အပြည်ပြည်ဆိုင်ရာမှ အသိအမှတ် ပြုထားသည့် လူ့အခွင့်အရေးများနှင့် လိုက်လျောညီထွေမှုရှိရမည်။ ထို့ပြင် ၎င်းသည် ပုဒ်မ (၇) ၌ ဖွင့်ဆိုထားသော အသက်၊ အသားအရောင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ (သို့) ယုံကြည်မှု၊ နိုင်ငံရေး (သို့) အခြားသောထင်မြင်ချက်၊ အမျိုးသား၊ တိုင်းရင်းသား (သို့) လူမှုရေးဇစ်မြစ်၊ ကြွယ်ဝမှု၊ မွေးဖွားမှုနှင့် အခြားဂုဏ်အဆင့်အတန်းများကဲ့သို့သော အကြောင်းပြချက်များပေါ် အခြေခံသည့် ဆန့်ကျင်သောခွဲခြားမှုမရှိစေရ။

# အပိုင်း (၃)
# ပြစ်မှုဆိုင်ရာ ဥပဒေ၏ ယေဘုယျပြဋ္ဌာန်းချက်များ ။

## ပုဒ်မ (၂၂)
## ဥပဒေပြဋ္ဌာန်းချက်အရမဟုတ်လျှင် ပြစ်မှုကျူးလွန်ရာ မရောက်ခြင်း

၁။ ပြစ်မှုဖြစ်ပွားချိန်၌ တစုံတဦး၏ ပြုသနာဖြစ်ပွားစေသည့် အပြုအမူသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုမဟုတ်ပါက ထိုသူသည် ဤဥပဒေအောက်တွင် ပြစ်မှုကြောင်းအရ တာဝန်မရှိ။

၂။ ပြစ်မှုကို တိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်ပြီး တွေးခေါ်ဆင်ခြင်မှုဖြင့် ချဲ့ထွင် အဓိပ္ပါယ်ဖွင့်ဆိုခြင်းမပြုရ။ ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ခြင်းမရှိပါက စုံစမ်းစစ်ဆေးခံနေရသော၊ တရားစွဲဆိုခံနေရသော (သို့မဟုတ်) အပြစ်ကျခံနေရသောသူအတွက် အလေးပေးပြီး ပြစ်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရမည်။

၃။ ဤဥပဒေနှင့်မသက်ဆိုင်သော သီးခြား အပြည်ပြည်ဆိုင်ရာဥပဒေက ဖွင့်ဆိုထားသည့် ပြစ်မှုမြောက်သော မည်သည့်အပြုအမူ၏ အသွင်လက္ခဏာကိုမျှ ဤပုဒ်မက ထိခိုက်ခြင်းမရှိစေရ။

## ပုဒ်မ (၂၃)
## ဥပဒေပြဋ္ဌာန်းချက်အရမဟုတ်လျှင် ပြစ်ဒဏ်စီရင်ခွင့်မရှိခြင်း

တရားရုံးက ဤဥပဒေကိုကျင့်သုံး၍သာ တစုံတယောက်ကို ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်သည်။

## ပုဒ်မ (၂၄)
## ပုဂ္ဂိုလ် အပေါ်တွင် နောက်ကြောင်းပြန် စီရင်ခွင့် မရှိခြင်း

၁။ ဤဥပဒေအကျိုးသက်ရောက်မှုမရှိသေးမီကာလက လုပ်ဆောင်ခဲ့သောလုပ်ရပ်များအတွက် မည်သူ့ကိုမျှ ဤဥပဒေအရ အပြစ်ပေးအရေးယူခြင်း မရှိစေရ။

၂။ နောက်ဆုံးစီရင်ချက် မချမှတ်ရသေးမီတွင် အမှုတခုအတွက် ကျင့်သုံးနိုင်သည့်ဥပဒေ အပြောင်းအလဲဖြစ်ပွားပါက စုံစမ်းစစ်ဆေးခြင်းခံနေရသော၊ တရားစွဲဆိုခြင်းခံနေရသော (သို့) ပြစ်ဒဏ်ကျခံနေရသော သူအတွက်ပိုအလေး ပေးသည့် ဥပဒေက အကျုံးဝင်စေရမည်။

## ပုဒ်မ (၂၅)
## ပုဂ္ဂိုလ် တဦးချင်းစီ ပြစ်မှုကြောင်းအရ တာဝန်ရှိခြင်း

၁။ သာမန်လူပုဂ္ဂိုလ်များကို တရားရုံးက ဤဥပဒေနှင့်အညီ တရားစီရင်ပိုင်ခွင့်ရှိသည်။

၂။ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်သူသာ ဤဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရ တာဝန်ရှိပြီး ထိုသူကို အပြစ်ပေးအရေးယူရမည်။

၃။ ဤဥပဒေနှင့်အညီ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်သူသာ ပြစ်မှုကြောင်းအရ တာဝန်ရှိပြီး ထိုသူကို အပြစ်ပေးအရေးယူရမည်။ အကယ်၍ ထိုသူသည် –

(က) အခြားသူတဦးနှင့် ပူးပေါင်း၍ တစ်ဦးချင်းအနေဖြင့် ပြစ်မှုကျူးလွန်သည်ဖြစ်စေ၊ အခြားသူတဦးမှတဆင့် ပြစ်မှုကျူးလွန်သည်ဖြစ်စေ၊ ထိုအခြားသူသည် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊

(ခ) ဤသို့သောပြစ်မှုကို ကျူးလွန်ဖြစ်ပွားစေရန်အတွက် အမိန့်ပေး၊ မြူဆွယ် (သို့) ဖြားယောင်းသွေးဆောင်ပြီး ထိုပြစ်မှု အမှန်တကယ်ဖြစ်ပွားသည်ဖြစ်စေ (သို့) ပြစ်မှုဖြစ်ပွားရန် ကြိုးပမ်းအားထုတ်သည်ဖြစ်စေ၊

(ဂ) ဤသို့သော ပြစ်မှု လွယ်ကူချောမွေ့စွာ ဖြစ်ပွားကျူးလွန်စေရန်အတွက် အကူအညီပေးသည်ဖြစ်စေ၊ အားပေးကူညီသည်ဖြစ်စေ (သို့) အခြားသောနည်းလမ်းဖြင့် ပြစ်မှုကျူးလွန်ရန် ကူညီထောက်ပံ့ပေးသည်ဖြစ်စေ (သို့) ပြစ်မှုကျူးလွန်ရန် ကြိုးပမ်းအားထုတ်သည်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် နည်းလမ်းများ ပံ့ပိုးပေးသည်ဖြစ်စေ၊

(ဃ) တူညီသည့်ရည်ရွယ်ချက်ရှိသော လူတစုက ပြစ်မှု ကျူးလွန်ရန်အတွက်ဖြစ်စေ၊ ပြစ်မှု

ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ရာ၌ဖြစ်စေ အခြားသောနည်းလမ်းဖြင့် ကူညီထောက်ပံ့ပေးပါက။ ဤကဲ့သို့ ကူညီထောက်ပံ့ပေးခြင်းသည် တမင်တကာရည်ရွယ်၍ လုပ်ဆောင်သော လုပ်ရပ်ဖြစ်ပြီး

(၁) အဆိုပါလူစု၏ ရာဇဝတ်မှုကျူးလွန်ခြင်းများကို (သို့မဟုတ်) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ကို ဆက်လက်တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်သည်။ ဤသို့သော ကျူးလွန်ခြင်း (သို့) ရည်ရွယ်ချက်သည် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာအတွင်းတွင်ရှိသော ရာဇဝတ်မှုကျူးလွန်ခြင်းမျိုးဖြစ်သည်။

(၂) အဆိုပါလူစုမှ ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်သည် ဆိုသည့်အချက်ကိုသိပါလျက်နှင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။

( င) လူမျိုးတုံးသတ်ဖြတ်မှုတွင် ထိုသို့သောပြစ်မှု ကျူးလွန်ရန် အခြားသူများကို တိုက်ရိုက်၊ လူသိရှင်ကြား လှုံ့ဆော်ခြင်း။

(စ) ပြစ်မှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြစ်မှုကျူးလွန်ရန် ကြိုးစားအားထုတ်ခြင်း။ ဤနေရာ၌ ထိုပြစ်မှုကျူးလွန်မည့်သူ၏ ရည်မှန်းချက်များနှင့် လွတ်ကင်းလျက် ပြစ်မှုဖြစ်ပွားခြင်းမဟုတ်။ သို့သော် ပြစ်မှုကျူးလွန်ရန် ကြိုးစားအားထုတ်မှုကို စွန့်လွှတ်သောသူ (သို့မဟုတ်) ပြစ်မှုအထမြောက်အောင်မြင်အောင် ဆောင်ရွက်မှုကို ကာကွယ်တားဆီးသူသည် အကယ်၍ ပြစ်မှုကျူးလွန်ရန် ရည်မှန်းချက်ကို လုံးဝ ဆန္ဒအလျောက် စွန့်လွှတ်ခြင်းဖြစ်လျှင် ဤဥပဒေအရ ၎င်းပြစ်မှုကျူးလွန်ရန် ကြိုးစားအားထုတ်မှုအတွက် ပြစ်ဒဏ်ကျခံ ရမည်မဟုတ်။

၄။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တဦးချင်းစီ၏ ပြစ်မှုဆိုင်ရာ တာဝန်သက်ရောက်မှုနှင့် ပတ်သက်သော ဤဥပဒေရှိ မည်သည့်ပြဋ္ဌာန်းချက်မျှ နိုင်ငံများ၏ တာဝန်သက်ရောက်မှုကို ထိခိုက်မည်မဟုတ်ပေ ။

## ပုဒ်မ (၂၆)
## အသက် (၁၈) နှစ်အောက်ရှိသူများအပေါ် စီရင်ပိုင်ခွင့်အာဏာ မကျင့်သုံးနိုင်ခြင်း

ပြစ်မှုကျူးလွန်ချိန်၌ အသက် (၁၈)နှစ်အောက်ရှိသူ မည်သူ့ကိုမဆို တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာ မရှိစေရ။

## ပုဒ်မ (၂၇)
## ရာထူးအလျောက် လုပ်ဆောင်နိုင်ခွင့်နှင့် စပ်ဆိုင်မှုမရှိခြင်း

၁။ ဤဥပဒေသည် ရာထူးအလျောက် ဆောင်ရွက်နိုင်ခြင်းပေါ်မူတည်သည့် မည်သည့်ခွဲခြားခြင်းမျှ မရှိပဲလျက် လူအားလုံးအပေါ် ၌ တပြေးညီ အကျိုးသက်ရောက်စေရမည်။ အထူးသဖြင့် နိုင်ငံ (သို့မဟုတ်) အစိုးရအကြီးအကဲ၊ အစိုးရ (သို့မဟုတ်) ပါလီမန်အဖွဲ့ဝင်၊ ရွေးကောက်ခံကိုယ်စားလှယ် (သို့မဟုတ်) အစိုးရ အရာရှိကဲ့သို့သောသူတို့၏ ရာထူးအလျောက် လုပ်ဆောင်နိုင်ခွင့်သည် ဤဥပဒေအရ မည်သည့် ကိစ္စ၌မဆို တစုံတယောက်အား ပြစ်မှုကြောင်းအရ တာဝန်ရှိခြင်းမှ ကင်းလွတ်ခြင်း၊ ပြစ်ဒဏ်ကို လျှော့ပေါ့ ခြင်းအတွက် အကြောင်းဖော်ပြချက် ဖြစ်စေလိမ့်မည်မဟုတ်။

၂။ ပြည်တွင်းဥပဒေ (သို့မဟုတ်) နိုင်ငံတကာ ဥပဒေအရ တစုံတဦး၏ ရာထူးအလျောက် လုပ်ဆောင်နိုင်ခွင့်နှင့် ဆက်နွယ်နေသည့် ကင်းလွတ်ခွင့်များနှင့် အထူးလုပ်ထုံးလုပ်နည်း စည်းမျဉ်းများသည် တရားရုံးမှ ထိုသူအပေါ် ၌ တရားစီရင်ဆောင်ရွက်ခြင်းအား တားမြစ်ပိတ်ပင်မည်မဟုတ်။

## ပုဒ်မ (၂၈)
## အုပ်ချုပ်သူအရာရှိများနှင့် အထက်လူကြီးများ၏ တာဝန်

ဤဥပဒေအရ တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများနှင့် စပ်လျဉ်း၍ ပြစ်မှု ကြောင်းအရ တာဝန်ရှိစေသော အခြားအကြောင်းများအပြင် –

(က) တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများကို တပ်မတော်တွင် လက်ရှိတာဝန် ထမ်း ဆောင်လျက်ရှိသော အရာရှိတစ်ဦး (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦး၏ ထိရောက်စွာ ကွပ်ကဲမှုအောက်တွင်ရှိသော တပ်ဖွဲ့များက ကျူးလွန်ရာပါက ထိုအရာရှိ (သို့မဟုတ်) လူပုဂ္ဂိုလ်တွင် ပြစ်မှုကြောင်းအရ တာဝန်ရှိစေရမည်။ ထို့အပြင် ၎င်း၏ ထိရောက်သော အာဏာနှင့် ထိန်းချုပ်မှုအောက်တွင်ရှိသော တပ်များအပေါ် ၌ ထိုသူက သင့်လျော်စွာ ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် ဖြစ်ပေါ်လာသည့် အောက်ပါကဲ့သို့သော အခြေအနေ များအတွက်လည်း ပြစ်မှုကြောင်းအရ တာဝန်ရှိစေရမည်။

(၁) ထိုတပ်မတော်အရာရှိက ၎င်း၏တပ်များ ဤကဲ့သို့သောပြစ်မှုများကို ကျူးလွန်နေ ခဲ့သည် (သို့မဟုတ်) ကျူးလွန်မည့်ဆဲဆဲ အခြေအနေများကို သိရှိခဲ့သော (သို့မ ဟုတ်) သိရှိခဲ့သင့်သော အခြေအနေ။

(၂) ထိုတပ်မတော်အရာရှိသည် ၎င်း၏တပ်များ ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရန် (သို့မဟုတ်) ချုပ်ထိန်းရန်၊ (သို့မဟုတ်) ဤပြဿနာအား စုံစမ်းစစ်ဆေးရန်၊ တရားစွဲ ဆိုရန်အတွက် လုပ်ပိုင်ခွင့်အာဏာရှိသော အာဏာပိုင်များကို တင်ပြနိုင်ရန် ၎င်း၏

အာဏာကိုအသုံးပြု၍ လိုအပ်သော၊ ထိုက်သင့်သော ဆောင်ရွက်မှုများကို မလုပ်ဆောင်နိုင်ခဲ့ခြင်း ။

(ခ) အပိုဒ် (က) တွင် ဖော်ပြမထားသော အထက်လူကြီးနှင့် လက်အောက်ငယ်သားတို့၏ ဆက်နွယ်မှုနှင့်စပ်လျဉ်း၍ တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများကို ၎င်း၏ အာဏာ (သို့မဟုတ်) ထိန်းချုပ်မှုအောက်တွင် ထိထိရောက်ရောက်ရှိနေသော လက်အောက်ငယ်သားများက ကျူးလွန်လျှင်ဖြစ်စေ၊ ၎င်း၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် အဆိုပါလက်အောက်ငယ်သားများကို သင့်လျော်စွာထိန်းချုပ်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုအထက်လူကြီးတွင် ပြစ်မှုကြောင်းအရ တာဝန်ရှိစေရမည်။

(၁) လက်အောက်ငယ်သားများ ဤကဲ့သို့သော ပြစ်မှုများကို ကျူးလွန်တော့မည် (သို့မဟုတ်) ကျူးလွန်နေဆဲဖြစ်သည်ဟူသည်ကို အထက်လူကြီးက သိရှိလျက်ဖြစ်စေ၊ သိသာထင်ရှားနိုင်လောက်သည့် သတင်းအချက်အလက်ရှိပါလျက်နှင့် လျစ်လျူရှုထားလျှင်ဖြစ်စေ။

(၂) အထက်လူကြီး၏ ထိရောက်သော တာဝန်ရှိမှုနှင့် ထိန်းချုပ်မှုအတွင်းတွင် ပေါ်ပေါက်သော လှုပ်ရှားမှုများနှင့် ဆက်စပ်သည့် ပြစ်မှုများ။ ပြစ်မှုများဖြစ်ပေါ်စေသည့် အပြုအမူများ ။

(၃) အထက်လူကြီးသည် ၎င်း၏အခွင့်အာဏာအတွင်းတွင် ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်ရန် (သို့မဟုတ်) ချုပ်ထိန်းရန် လိုအပ်သော ကျိုးကြောင်းဆီလျော်မှုရှိသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ် စုံစမ်းစစ်ဆေး တရားစွဲဆိုအရေးယူနိုင်ရေးအတွက် ဤပြဿနာအား လုပ်ပိုင်ခွင့်အာဏာရှိသော အာဏာပိုင်များသို့ တင်သွင်းရန် ပျက်ကွက်လျှင်။

## ပုဒ်မ (၂၉)
## ဥပဒေ၏ ကန့်သတ်ချက်များကို မကျင့်သုံးခြင်း

တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများသည် မည်သည့်ဥပဒေ၏ ကန့်သတ်ချက်များအောက်တွင်မျှ ကျရောက်ခြင်း မရှိစေရ။

## ပုဒ်မ (၃၀)
## စိတ်ပိုင်းဆိုင်ရာ အနေအထား

၁။ အခြားနည်းဖြင့်ပြဋ္ဌာန်းထားခြင်းမရှိလျှင် တစုံတစ်ဦးသည် ပြစ်မှုများကို ''ရည်ရွယ်ချက်'' နှင့်

"အသိ" ဖြင့်ကျူးလွန်မှုသာလျှင် ၎င်းသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများကို ကျူးလွန်သည်ဟူ၍ တာဝန်ရှိစေရမည်။

၂။ ဤပုဒ်မ၏ ဆိုလိုချက်များအရ တစုံတစ်ဦး၌ "ရည်ရွယ်ချက်" ရှိခြင်းဟုသည်မှာ–

(က) အပြုအမူနှင့် စပ်လျဉ်း၍ ထိုသူသည် အပြုအမူတွင်ပါဝင်လို၍သာ ပါဝင်သည့် အနေအထား ပေါ်လွင်စေရမည်။

(ခ) အကျိုးဆက်နှင့် စပ်လျဉ်း၍ ထိုသူသည် အကျိုးဆက်ဖြစ်ထွန်းမှုကို ဖြစ်ပွားစေလိုသည် (သို့မဟုတ်) လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဆောင်ရာတွင် ထိုသို့ဖြစ်ပွားမည်ကို သိရှိသည်။

၃။ ဤပုဒ်မ၏ ဆိုလိုချက်များအရ "အသိ" ဆိုသည်မှာ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဆောင်ရာတွင် အကျိုးဆက်ဖြစ်လိမ့်မည် (သို့မဟုတ်) အခြေအနေတစ်ခု တည်ရှိနေသည်ဟူသည်ကို သိရှိခြင်းကိုဆိုလိုသည် ။ "အသိ" နှင့် "သိရှိလျက်" တို့ကို အဆိုပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်သည်။

## ပုဒ်မ (၃၁)
## ပြစ်မှုကြောင်းအရတာဝန်ရှိမှုမှ ထုတ်ပယ်ခြင်း အကြောင်းအရင်းများ

၁။ ဤဥပဒေ၌ ပြဋ္ဌာန်းထားသောပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ထုတ်ပယ်ခြင်း အကြောင်းအရင်းများအပြင် ပြစ်မှုကျူးလွန်ချိန်၌ တစုံတစ်ဦးသည် အောက်ပါအချက်များကဲ့သို့သော အပြုအမူများ၌ ၎င်းသည် ပြစ်မှုဆိုင်ရာ တာဝန်မရှိပေ။

(က) ထိုသူ (သို့မဟုတ်) သူမသည် ၎င်းအပြုအမူ၏ အခြေအနေနှင့် ၎င်း၏အပြုအမူသည် ဥပဒေနှင့်ဆန့်ကျင်နေသည်များကို သတိပြုမိနိုင်စွမ်း ချွတ်ယွင်းနေသော (သို့မဟုတ်) ဥပဒေကိုလိုက်နာရန် ၎င်း၏အပြုအမူကို ချုပ်ထိန်းနိုင်စွမ်း ချွတ်ယွင်းနေသော စိတ်ရောဂါ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှု များခံစားနေရသူ။

(ခ) မူးယစ်နေသဖြင့် သူ (သို့မဟုတ်) သူမသည် ၎င်းအပြုအမူ၏အခြေအနေနှင့် ၎င်း၏အပြုအမူသည် ဥပဒေနှင့်ဆန့်ကျင်နေသည်များကို သတိပြုမိနိုင်စွမ်း ချွတ်ယွင်းနေသော (သို့မဟုတ်) ဥပဒေကိုလိုက်နာရန် ၎င်း၏အပြုအမူကို ချုပ်ထိန်းနိုင်စွမ်း ချွတ်ယွင်းနေသောသူ။ သို့ရာတွင်မူးယစ်လျှင် သူ (သို့မဟုတ်) သူမသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုကို ကျူးလွန်သည့်လုပ်ဆောင်မှုများတွင် ပါဝင်နိုင်သည်ကို သိရှိလျက်နှင့် တမင်မူးယစ်သောက်စားသူဖြစ်လျှင် ဤပြဋ္ဌာန်းချက်၏ အကာအကွယ်ကို မရယူနိုင်ပေ။

(ဂ) မိမိကိုယ်ကိုကာကွယ်ရန် (သို့မဟုတ်) အခြားသူကိုကာကွယ်ရန် (သို့မဟုတ်) စစ်ရာဇဝတ်မှုများတွင် အခြားသူ၏ အသက်ရှင်လွတ်မြောက်မှုအတွက် အရေးပါသော ပစ္စည်း

ဥစ္စာကို ကာကွယ်ရန် (သို့မဟုတ်) စစ်မှုတာဝန်တရပ်ကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် အရေးပါသော လူပုဂ္ဂိုလ် (သို့) ပစ္စည်းဥစ္စာကို ကာကွယ်ရန် ကျိုးကြောင်းသင့်လျော်စွာ ပြုမူခြင်း။ ဤနေရာ၌ ထိုသူသည် ၎င်းအပေါ်၌ (သို့မဟုတ်) အခြားသူအပေါ်၌ (သို့မဟုတ်) ကာကွယ်ထားသော ပစ္စည်းဥစ္စာအပေါ်၌ တရားမဝင် သိသာထင်ရှားစွာ အန္တရာယ်ကျရောက်စေနိုင်သော အတိုင်းအတာပမာဏနှင့် လိုက်လျောညီထွေမှုရှိစေမည့် ကာကွယ်မှုမျိုး ဖြစ်စေရမည်။ စစ်တပ်များမှပြုလုပ်သော ကာကွယ်မှုစစ်ဆင်ရေးတွင် ပါဝင်သည် ဟူသော အချက်သည် ဤပုဒ်ခွဲအရ ပြစ်မှုကြောင်းတာဝန်ရှိမှုကို ချန်လှပ်ထားရန်အတွက် အကြောင်းပြချက်မဖြစ်စေရ။

(ဃ) ထိုသူ (သို့မဟုတ်) အခြားသူ၏ အသက်အန္တရာယ်ကျရောက်စေနိုင်သော (သို့မဟုတ်) အဆက်မပြတ် ပြင်းထန်စွာကိုယ်ခန္ဓာကို အနာတရဖြစ်စေနိုင်သော ခြိမ်းခြောက်မှုခံရခြင်းကြောင့် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုကို ကျူးလွန်သည့် အပြုအမူ ။ ထိုသူသည် ၊ ထိုသို့ခြိမ်းခြောက်ခံရမှုကိုရှောင်ရှားရန် လိုအပ်သလို ကျိုးကြောင်းဆီလျော်စွာ ပြုမူခြင်းဖြစ်ရမည် ။ ခြိမ်းခြောက်ခံရမှုကို ရှောင်ရှားရန်ထက် ပိုမိုကြီးမားစွာ အန္တရာယ်ကျရောက်စေရန် ရည်ရွယ်လုပ်ဆောင်မှု မဖြစ်စေရ။

(၁) အခြားသူများမှ ပြုလုပ်ခြင်းဖြစ်သည် ။ သို့မဟုတ် –

(၂) ထိုသူ၏ ချုပ်ကိုင်မှုထက်ကျော်လွန်သည့် အခြားသောအခြေအနေများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။

၂။ တရားရုံးသည် အမှုတစ်ခုကိုမစတင်မီ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြစ်မှုကြောင်းရာအရ တာဝန်ရှိမှုကို ထုတ်ပယ်ရန် အကြောင်းပြချက်များအား အသုံးပြုနိုင် မပြုနိုင်ကို ဆုံးဖြတ်ရမည်။

၃။ အမှုကိုစီရင်စစ်ဆေးရာ၌ ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ထုတ်ပယ်ရန်အတွက် အကြောင်းပြချက်ကို စာပိုဒ် (၁) တွင်ရည်ညွှန်းထားသော အကြောင်းအရာများအပြင် ပုဒ်မ (၂၁) တွင် ဖော်ပြထားသော ကျင့်သုံးနိုင်သည့် ဥပဒေမှ ဆင်းသက်လာသည့် အကြောင်းပြချက်ကိုပါ အခြေခံ၍ တရားရုံး အနေဖြင့် ထည့်သွင်းစဉ်းစားနိုင်သည်။ ဤသို့သော အကြောင်းပြချက်ကို စဉ်းစားသုံးသပ်ရန်အတွက် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်း၊ သက်သေအထောက်အထားနှင့်ဆိုင်သော နည်းဥပဒေများတွင် ပြဋ္ဌာန်းရမည်။

## ပုဒ်မ (၃၂)
## အကြောင်းအခြင်းအရာအရ မှားယွင်းခြင်း (သို့) ဥပဒေအရ မှားယွင်းခြင်း

၁။ အကြောင်းအခြင်းအရာအရ မှားယွင်းခြင်းသည် ပြစ်မှုမြောက်ရန်လိုအပ်သော စိတ်ပိုင်းဆိုင်ရာ အနေအထား ကင်းမဲ့နေမှသာလျှင် ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ထုတ်ပယ်ရန်အတွက် အကြောင်းပြချက်တစ်ခုဖြစ်မည်။

၂။ လုပ်ဆောင်မှုတရပ်ရပ်သည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်း၌ရှိသော ပြစ်မှု ဟုတ်/မဟုတ်နှင့်စပ်လျဉ်း၍ ဥပဒေအရမှားယွင်းခြင်းသည် ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ထုတ်ပယ်ရန်အတွက် အကြောင်းပြချက်မဖြစ်စေရ။ သို့သော်လည်း ဥပဒေအရ မှားယွင်းခြင်းသည် ပြစ်မှုမြောက်ရန်လိုအပ်သော စိတ်ပိုင်းဆိုင်ရာအနေအထားကို ငြင်းပယ်ထားလျှင် (သို့) ပုဒ်မ (၃၃) တွင် ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်လျှင် ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ထုတ်ပယ်ရန်အတွက် အကြောင်းပြချက်တစ်ခု ဖြစ်နိုင်သည်။

## ပုဒ်မ(၃၃)
## အထက်လူကြီး၏အမိန့်များနှင့် ဥပဒေ၏ပြဋ္ဌာန်းချက်များ

၁။ စစ်သားဖြစ်စေ၊ အရပ်သားဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးသည် အစိုးရ (သို့မဟုတ်) အထက်လူကြီး၏ အမိန့်အရ တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုကို ကျူးလွန်ပါက အောက်ပါအခြေအနေများမှလွဲ၍ ပြစ်မှုကြောင်းအရ တာဝန်ရှိမှုမှ ကင်းလွတ်ခြင်းမရှိစေရ။

(က) ထိုသူသည် အဆိုပါအစိုးရ (သို့မဟုတ်) အထက်လူကြီး၏ အမိန့်များကို ဥပဒေရေးရာအရ မဖြစ်မနေလိုက်နာရခြင်း။

(ခ) ထိုအမိန့်သည် ဥပဒေနှင့်မညီညွတ်ကြောင်း ထိုသူမှ မသိရှိခဲ့ခြင်း။

(ဂ) ထိုအမိန့်သည် သိသာထင်ရှားစွာ တရားဥပဒေနှင့် မညီညွတ်မှု ဖြစ်မနေခြင်း။

၂။ ဤပုဒ်မအရ လူမျိုးတုံးသတ်ဖြတ်မှု (သို့မဟုတ်) လူသားဖြစ်မှုကို ဆန့်ကျင်သည့်ပြစ်မှုကို ကျူးလွန်ရန် ပေးအပ်သော အမိန့်များသည် တရားဥပဒေနှင့် သိသာထင်ရှားစွာ ညီညွတ်ခြင်းမရှိ။

# အပိုင်း (၄) တရားရုံး၏ ဖွဲ့စည်းမှုနှင့် အုပ်ချုပ်မှု

## ပုဒ်မ(၃၄)
## တရားရုံး၏ လုပ်ငန်းအဖွဲ့များ

တရားရုံးကို အောက်ပါလုပ်ငန်းအဖွဲ့များဖြင့် ဖွဲ့စည်းထားသည်။
(က) ဥက္ကဋ္ဌအဖွဲ့ ၊
(ခ) အယူခံဌာနခွဲ၊ စစ်ဆေးစီရင်မှု ဌာနခွဲနှင့် အကြိုစစ်ဆေးစီရင်မှု ဌာနခွဲ၊
(ဂ) ရှေ့နေရုံး၊
(ဃ) မှတ်ပုံတင်ဌာန၊

## ပုဒ်မ (၃၅)
## တရားသူကြီးများ၏ ဝန်ဆောင်မှု

၁။ အားလုံးသော တရားသူကြီးများသည် တရားရုံး၏ အချိန်ပြည့်အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံရမည်။ ၎င်းတို့၏ ရာထူးသက်တမ်းစတင်သည့်အချိန်မှစ၍ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၂။ ဥက္ကဋ္ဌအဖွဲ့၌ တာဝန်ယူမည့် တရားသူကြီးများသည် ၎င်းတို့အရွေးချယ်ခံရသည်နှင့် တပြိုင်နက် တရားရုံး၏ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၃။ တရားရုံး၏ လုပ်ငန်းတာဝန်အတိုင်းအတာအပေါ်မူတည်၍ ၎င်း၏အဖွဲ့ဝင်များနှင့် ညှိနှိုင်းတိုင်ပင်ကာ ဥက္ကဋ္ဌအဖွဲ့သည် တရားရုံး၏ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသော တရားသူကြီးများ မည်မျှလိုအပ်မည်ကို ရံဖန်ရံခါ စဉ်းစားဆုံးဖြတ်နိုင်သည်။ ဤသို့သော စီရင်ဆောင်ရွက်မှုသည် ပုဒ်မ (၄၀) ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်နစ်နာခြင်းမရှိစေရ။

၄။ တရားရုံး၌ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန်မလိုသော တရားသူကြီးများ အတွက် ဘဏ္ဍာငွေကြေးအစီးအစဉ်ကို ပုဒ်မ (၄၉) နှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

## ပုဒ်မ (၃၆)
## တရားသူကြီးများ၏ အရည်အချင်းများ၊ ခန့်ထားခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်း ။

၁။ ပိုဒ်ခွဲ (၂)ပါ ပြဋ္ဌာန်းချက်များကို ထောက်ထားလျှက် တရားရုံးတွင် တရားသူကြီး ၁၈ ဦး တာဝန်ထမ်းဆောင်မည်။

၂။ (က) တရားရုံး၏ကိုယ်စား တာဝန်ယူဆောင်ရွက်သော ဥက္ကဋ္ဌအဖွဲ့သည် အပိုဒ် (၁)တွင် သတ်မှတ်ထားသော အရေအတွက်ပေါ်မူတည်၍ တရားသူကြီးဦးရေတိုးမြှင့်ရန် တင်ပြနိုင်သည်။ ထို့ပြင် ဤသို့ တရားသူကြီးဦးရေ တိုးမြှင့်ရန် အဘယ်ကြောင့်လိုအပ်သည်၊ သင့်လျော်သည်ဟု ဆုံးဖြတ်ရသည့် အကြောင်းရင်းများကို ဖော်ပြရမည်။ မှတ်ပုံတင်ဌာနသည် ဤသို့သော အဆိုပြုချက်ကို အားလုံးသော စာချုပ်အဖွဲ့ဝင်နိုင်ငံများသို့ အမြန်ဆုံး အကြောင်းကြားရမည်။

(ခ) ထို့နောက် ဤသို့သောအဆိုပြုချက်ကို ပုဒ်မ (၁၁၂) နှင့်အညီ အစည်းအဝေး ခေါ်ယူမည်ဖြစ်သော စာချုပ်ဝင်နိုင်ငံများ ညီလာခံ၏ အစည်းအဝေး၌ စဉ်းစားဆုံးဖြတ်ရမည်။ အစည်းအဝေး၌ အဖွဲ့ဝင် ၃ ပုံ ၂ ပုံသော စာချုပ်ဝင်နိုင်ငံများ၏ မဲဆန္ဒဖြင့် သဘောတူညီပါက ထိုအဆိုပြုချက်ကို သဘောတူ လက်ခံသည်ဟု ဆုံးဖြတ်မည်။ စာချုပ်ဝင်နိုင်ငံများ၏ ညီလာခံမှ ဆုံးဖြတ်ပြီးသည့်အချိန်၌ ထိုအဆိုပြုချက်သည် အာဏာသက်ရောက်မည်။

(ဂ) (၁) အပိုဒ်ခွဲ (ခ) အရ တရားသူကြီးဦးရေတိုးမြှင့်ရန် အဆိုပြုချက်ကို သဘောတူလက်ခံပြီးသည်နှင့်တပြိုင်နက် စာပိုဒ် (၃ မှ ၈ အထိ) နှင့် ပုဒ်မ (၃၇) စာပိုဒ် (၂) တို့နှင့်အညီ စာချုပ်ဝင်နိုင်ငံများညီလာခံ၏ နောက်လာမည့်အစည်းအဝေး၌ လိုအပ်သည့် တရားသူကြီးများ ရွေးကောက်တင်မြှောက်ခြင်းကို ပြုလုပ်မည်။

(၂) စာပိုဒ် (ခ) နှင့် (ဂ) ၁ တို့အရ တရားသူကြီးဦးရေ တိုးမြှင့်ရန် အဆိုပြုချက်ကို သဘောတူလက်ခံပြီး၍ ထိုအဆိုပြုချက်ကို အကျိုးသက်ရောက်စေသည်နှင့် တပြိုင်နက် တရားရုံး၏ လုပ်ငန်းတာဝန်မျှတပါက ဥက္ကဋ္ဌအဖွဲ့မှ တရားသူကြီးဦးရေလျှော့ချမည့် အဆိုပြုချက်ကိုတင်ပြနိုင်ရန် လိုလိုလားလား လက်ခံမည်။ သို့သော် ဤသို့လျှော့ချရာ၌ တရားသူကြီးဦးရေသည် စာပိုဒ် (၁) ၌ဖော်ပြထားသည့် အရေအတွက်အောက် မရောက်စေရပေ။ ဤအဆိုပြုချက်သည် စာပိုဒ်ခွဲ (က) နှင့် (ခ) တို့၌ ချမှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ ဆက်စပ်မှုရှိရမည်။ အဆိုပြုချက်ကို

သဘောတူလက်ခံပြီးသည့်အခြေအနေ၌ တာဝန်ထမ်းဆောင်သော ရာထူးသက်တမ်း ကုန်ဆုံးခြင်းကို အခြေပြု၍ တရားသူကြီးဦးရေကို လိုအပ်သောအရေအတွက်သို့ ရောက်သည်အထိ တဖြည်းဖြည်း လျှော့ချသွားမည်။

၃။ (က) တရားသူကြီးများကို ရွေးချယ်ရာ၌ ၎င်းတို့၏ နိုင်ငံအသီးသီးရှိ အမြင့်မားဆုံး တရားရေးဆိုင်ရာ ရုံးများတွင် ခန့်ထားရန် လိုအပ်သည့် အရည်အချင်းများကို ပိုင်ဆိုင်သည့် အကျင့်စာရိတ္တမြင့်မားသော၊ ဘက်မလိုက်သော၊ သိက္ခာသမာဓိရှိသောသူကို ရွေးချယ်မည်။

(ခ) တရားရုံး ရွေးကောက်တင်မြှောက်ပွဲသို့ ဝင်ရောက်အရွေးချယ်ခံသူတိုင်းသည် –

(၁) တရားသူကြီးအနေနှင့်ဖြစ်စေ၊ တရားစွဲဆိုသူအနေနှင့်ဖြစ်စေ၊ ဗဟိုတရားရုံးရှေ့နေအနေနှင့်ဖြစ်စေ (သို့မဟုတ်) အခြားတူညီသော ရာထူးခွဲ၌ပင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းတို့နှင့် စပ်လျဉ်းသော အရည်အချင်းများ၊ အခြား သက်ဆိုင်ရာ လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံရမည်။ သို့မဟုတ် –

(၂) နိုင်ငံတကာလူသားချင်းစာနာသော ဥပဒေ၊ လူ့အခွင့်အရေးဥပဒေကဲ့သို့သော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်သော ကဏ္ဍများနှင့်ပတ်သက်သည့် အရည်အချင်းနှင့် ပြည့်စုံရမည်။ တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်သော ရာထူးနေရာ၌ ပညာသည်အဖြစ် လုပ်ကိုင်နိုင်လောက်သည့် အတွေ့အကြုံရှိရမည်။

(ဂ) တရားရုံး၏ ရွေးကောက်တင်မြှောက်ပွဲသို့ ဝင်ရောက်အရွေးချယ်ခံသူတိုင်းသည် အနည်းဆုံး တရားရုံး၏ လုပ်ငန်းသုံးဘာသာစကားတစ်ခုခုကို ကောင်းမွန်စွာသိရှိ၍ ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

၄။ (က) တရားရုံး၏ ရွေးကောက်တင်မြှောက်ပွဲသို့ ဝင်ရောက်ရွေးကောက်ပွဲဝင်ရန်၊ ကိုယ်စားလှယ်လောင်းကို ခန့်ထားရန် အဆိုပြုခြင်းများကို ဤဥပဒေ၏ မည်သည့်စာချုပ်ဝင်နိုင်ငံမဆို တင်ပြနိုင်သည်။ ထို့ပြင် ထိုအဆိုပြုချက်ကို –

(၁) အဆိုပါနိုင်ငံ၏ အမြင့်မားဆုံး တရားရေးဆိုင်ရာရုံးများတွင် တရားသူကြီးလောင်းကို ခန့်ထားနိုင်ရန်အတွက် လုပ်ဆောင်လေ့ရှိသော လုပ်ထုံးလုပ်နည်းများဖြင့်လည်းကောင်း (သို့မဟုတ်)

(၂) အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် ( ICJ ) တရားသူကြီးများကို ၎င်းသက်ဆိုင်ရာ ဥပဒေနှင့်အညီ ခန့်ထားရန်အတွက် လုပ်ဆောင်လေ့ရှိသော လုပ်ထုံးလုပ်နည်းများဖြင့်လည်းကောင်း၊ ခန့်ထားရန် အဆိုပြုချက်နှင့်အတူ တရားသူကြီးလောင်းသည် စာပိုဒ် (၃) မှ လိုအပ်ချက်များနှင့် မည်သို့ပြည့်စုံသည်ဟူသည်ကို ဖော်ပြထားသော ရေးသားထွက်ဆိုချက် ပါရှိရမည်။

(ခ) မည်သည့်ရွေးကောက်တင်မြှောက်ပွဲအတွက်မဆို စာချုပ်ဝင်နိုင်ငံတိုင်းသည် အရွေးချယ်ခံတစ်ဦးစီကို အမည်စာရင်းတင်သွင်းနိုင်သည်။ အမည်စာရင်းတင်သွင်းခံရသူသည် ထိုစာချုပ်ဝင်နိုင်ငံ၏ နိုင်ငံသားဖြစ်ရန်မလိုပေ။ သို့သော် မည်သို့ပင်ဖြစ်စေ ထိုသူသည် စာချုပ်ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်ရမည်။

၅။ ရွေးကောက်တင်မြှောက်ပွဲ၏ ရည်ရွယ်ချက်များအရ ရွေးကောက်ပွဲဝင် တရားသူကြီးလောင်းများစာရင်း နှစ်မျိုးရှိစေရမည်။

**အမည်စာရင်း (က) စာပိုဒ် (၃) (ခ) ၁ –** ၌ ဖော်ပြထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲဝင် တရားသူကြီးလောင်း၏ အမည်စာရင်းများ။

**အမည်စာရင်း (ခ) စာပိုဒ် (၃) (ခ) ၂ –** ၌ ဖော်ပြထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲဝင် တရားသူကြီးလောင်း၏ အမည်စာရင်းများ။

အမည်စာရင်းနှစ်မျိုးစလုံးရှိ အရည်အချင်းများနှင့်ပြည့်စုံသော အရွေးချယ်ခံသူသည် မည်သည့် အမည်စာရင်း၌ ထည့်သွင်းမည်ကို ရွေးချယ်နိုင်သည်။ တရားရုံး၏ ပထမဦးဆုံး ရွေးကောက်တင်မြှောက်ပွဲတွင် အမည်စာရင်း (က) မှ အနည်းဆုံး တရားသူကြီး (၉) ဦးကို ရွေးချယ်ရမည်ဖြစ်ပြီး အမည်စာရင်း (ခ) မှ အနည်းဆုံး တရားသူကြီး (၅) ဦးကို ရွေးချယ်ရမည်။ တရားရုံး၌ အမည်စာရင်းတစ်မျိုးစီ၏ အရည်အချင်းနှင့်ပြည့်စုံသည့် တရားသူကြီးဦးရေ အချိုးအစား ညီမျှစေရန် နောက်ဆက်တွဲ ရွေးကောက်တင်မြှောက်ပွဲများကို ပြုလုပ်ရမည်။

၆။ (က) ပုဒ်မ (၁၁၂) ၏ ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သော စာချုပ်ဝင်နိုင်ငံများညီလာခံ၏ အစည်းအဝေးတွင် တရားသူကြီးများကို လျှို့ဝှက်မဲပေးစံနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည် ။ အပိုဒ် (၇) ထောက်ထားလျက် ၃ ပုံ ၂ ပုံသော စာချုပ်ဝင်နိုင်ငံများမှ တက်ရောက်မဲပြီးနောက် မဲအများဆုံး ရရှိသော တရားသူကြီးလောင်း (၁၈) ဦးသည် တရားရုံးအတွက် ရွေးချယ်ခံရသူများဖြစ်စေရမည်။

(ခ) ပထမဆုံးအကြိမ် မဲပေးရာတွင် လိုအပ်သော တရားသူကြီးအရေအတွက် ရွေးကောက်တင်မြှောက်ခြင်းမခံရပါက ကျန်ရှိနေသော တရားသူကြီးအရေအတွက် ရရှိသည်အထိ အပိုဒ် (က) တွင် ချမှတ်ထားသော လမ်းစဉ်များနှင့်အညီ နောက်ဆက်တွဲ မဲပေးရွေးချယ်တင်မြှောက်ပွဲများ ဆက်လက်ကျင်းပသွားရမည်။

၇။ တရားသူကြီးနှစ်ဦးသည် နိုင်ငံတစ်ခုတည်းမှလာသော နိုင်ငံသားများမဖြစ်စေရ။ နိုင်ငံတစ်ခုထက်ပို၍ နိုင်ငံသားဖြစ်နေသူတစ်ဦးအနေဖြင့် တရားရုံး၏ အဖွဲ့ဝင်ဖြစ်ရန်ရှိလာပြီး မည်သည့်နိုင်ငံသားအဖြစ် သတ်မှတ်ရန် လိုအပ်လာပါက အများပြည်သူအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ပုံမှန်ကျင့်သုံးဆောင်ရွက်နေသော နိုင်ငံ၏ နိုင်ငံသားအဖြစ် ထိုသူအား မှတ်ယူရမည်။

**မြန်မာနိုင်ငံရှေ့ နေများကောင်စီ က ဘာသာပြန်ဆိုသည်။**

၈။ (က) တရားရုံး၏ အဖွဲ့ဝင်များထဲမှ တရားသူကြီးများကို ရွေးချယ်ရာ၌ စာချုပ်ဝင်နိုင်ငံများသည် အောက်ပါလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

(၁) ကမ္ဘာ၏ အဓိကကျသော ဥပဒေစနစ်များကို ကိုယ်စားပြုခြင်း။

(၂) ပထဝီဝင်အနေအထားကို မျှတစွာ ကိုယ်စားပြုခြင်း။

(၃) အမျိုးသမီးနှင့် အမျိုးသားများကို မျှတစွာ ကိုယ်စားပြုခြင်း။

(ခ) စာချုပ်ဝင်နိုင်ငံများသည် အသေးစိတ်အကြောင်းအချက်များအပါအဝင် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ၌ အကြမ်းဖက်ခြင်းအပေါ်တွင် ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုရှိသော တရားသူကြီးများ ပါရှိရန်လိုအပ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၉။ (က) အပိုဒ်ခွဲ (ခ) ကိုထောက်ထားလျက် တရားသူကြီးများ၏ ရာထူးသက်တမ်းသည် (၉) နှစ်ဖြစ်စေရမည်။ အပိုဒ်ခွဲ (ဂ) နှင့် ပုဒ်မ (၃၇) အပိုဒ် (၂) တို့ကို ထောက်ထားလျက် တရားသူကြီးများ အနေဖြင့် ပြန်လည်အရွေးခံခွင့်မရှိစေရ။

(ခ) ပထမဆုံး ရွေးကောက်တင်မြှောက်ပွဲတွင် ၃ ပုံ ၁ ပုံသော တရားသူကြီးများကို သက်တမ်း (၃)နှစ် ထမ်းဆောင်ရန် မဲဖြင့်ရွေးချယ်ရမည်။ အခြား ၃ ပုံ ၁ ပုံသော တရားသူကြီးများကို သက်တမ်း (၆)နှစ် ထမ်းဆောင်ရန် မဲဖြင့်ရွေးချယ်ပြီး ကျန်ရှိနေသူများကို သက်တမ်း (၉) နှစ် ထမ်းဆောင်ရန် ရွေးချယ်ရမည်ဖြစ်သည်။

(ဂ) အပိုဒ်(ခ) အရ သက်တမ်း (၃) နှစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသော တရားသူကြီးသည် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ရန် ပြန်လည်အရွေးချယ်ခံခွင့်ရှိစေရမည်။

၁၀။ အပိုဒ် (၉) တွင် ပြဋ္ဌာန်းထားချက်များရှိသော်လည်း ပုဒ်မ (၃၉) အရ တရားခွင် (သို့မဟုတ်) အယူခံတရားခွင်တရပ်၌ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသော တရားသူကြီးတစ်ဦးသည် ထို တရားခွင်မတိုင်ခင်က စတင်ပြီးသော စစ်ဆေးကြားနာသည့် (သို့မဟုတ်) အယူခံဝင်သည့် ကြားနာ စစ်ဆေးခြင်းများ အပြီးသတ်စေရန် ဆက်လက်တာဝန်ထမ်းဆောင်စေရမည် ။

## ပုဒ်မ (၃၇)
## တရားရေးဆိုင်ရာ ရာထူးလစ်လပ်မှုများ

၁။ ရာထူးလစ်လပ်မှုများနှင့်ပတ်သက်၍ ထိုလစ်လပ်မှုများကို ဖြည့်စွက်ရန် ပုဒ်မ (၃၆)နှင့်အညီ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရမည်။

၂။ ရာထူးလစ်လပ်မှုအတွက် ရွေးကောက်ခြင်းခံရသောတရားသူကြီးသည် ယခင်တရားသူကြီး၏ ကျန်ရှိနေသော သက်တမ်းအတွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ အကယ်၍ ထိုသက်တမ်းသည်

(၃) နှစ် (သို့မဟုတ်) ထိုထက်နည်းပါက ပုဒ်မ (၃၆) အရ ထိုတရားသူကြီးသည် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ရန် ပြန်လည်အရွေးချယ်ခံခွင့်ရှိစေရမည်။

## ပုဒ်မ (၃၈)
## ဥက္ကဋ္ဌ အဖွဲ့

၁။ ဥက္ကဋ္ဌ၊ ပထမ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများကို တရားသူကြီးများ၏ အပြတ်အသတ် မဲအများစုဖြင့် ရွေးချယ်တင်မြှောက်ရမည်။ ၎င်းတို့သည် တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်ရာ၌ သက်ဆိုင်ရာရာထူးသက်တမ်းများ ပြီးဆုံးသည်အထိ သက်တမ်း (၃) နှစ် တာဝန်ထမ်းဆောင်ရမည်။ ၎င်းတို့သည် နောက်ထပ်တစ်ကြိမ် ပြန်လည်အရွေးချယ်ခံခွင့် ရှိစေရမည်။

၂။ ဥက္ကဋ္ဌမရှိလျှင် (သို့မဟုတ်) ဥက္ကဋ္ဌအနေဖြင့်တာဝန်ထမ်းဆောင်နိုင်သည့် အခြေအနေမရှိလျှင် ဥက္ကဋ္ဌ၏နေရာ၌ ပထမ ဒုဥက္ကဋ္ဌက အစားထိုးတာဝန်ယူရမည်။ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌ မရှိလျှင် (သို့မဟုတ်) ၎င်းတို့အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သည့် အခြေအနေမရှိလျှင် ဥက္ကဋ္ဌ၏နေရာ၌ ဒုတိယဥက္ကဋ္ဌက အစားထိုးတာဝန်ယူရမည်။

၃။ ဥက္ကဋ္ဌသည် ပထမ ဒုဥက္ကဋ္ဌ၊ ဒုတိယ ဒုဥက္ကဋ္ဌ တို့နှင့်အတူတကွ ဥက္ကဋ္ဌ အဖွဲ့ ကို ဖွဲ့စည်းမည်။ ထိုအဖွဲ့သည် အောက်ပါတာဝန်များကို ထမ်းဆောင်စေရမည်။

(က) တရားစွဲအရာရှိရုံး မှလွဲ၍၊ တရားရုံး၏ မှန်ကန်စွာ စီမံခန့်ခွဲရေး။

(ခ) ဤဥပဒေနှင့်အညီ အပ်နှင်းထားသော အခြားလုပ်ငန်းတာဝန်များ ။

၄။ အပိုဒ် (၃) (က) ရှိ တာဝန်များကို ဆောင်ရွက်ရာ၌ ဥက္ကဋ္ဌ အဖွဲ့သည် နှစ်ဦးနှစ်ဖက်စလုံးမှ အလေးထားရမည့် အားလုံးသောပြဿနာများနှင့် စပ်လျဉ်းပြီး တရားစွဲဆိုသူနှင့် ပူးပေါင်းဆောင်ရွက်၍ သဘောတူညီမှု ရယူမည်။

## ပုဒ်မ (၃၉)
## တရားခွင်များ

၁။ တရားသူကြီးများကို ရွေးကောက်တင်မြှောက်ပြီးနောက် စောနိုင်သမျှ အချိန်ကာလအတွင်း တရားရုံးသည် ပုဒ်မ (၃၄) အပိုဒ် (ခ) ၌ သတ်မှတ်ထားသကဲ့သို့ ဌာနခွဲများကို ဖွဲ့စည်းရမည်။ အယူခံဌာနခွဲကို ဥက္ကဋ္ဌနှင့် အခြားတရားသူကြီး (၄) ဦးတို့ဖြင့်လည်းကောင်း၊ စစ်ဆေးစီရင်သော ဌာနခွဲကို တရားသူကြီး (၆) ဦးထက်မနည်းသော အရေအတွက်ဖြင့်လည်းကောင်း၊ အကြိုစစ်ဆေးသော ဌာနခွဲကို တရား

သူကြီး (၆) ဦးထက်မနည်းသော အရေအတွက်ဖြင့်လည်းကောင်း ဖွဲ့စည်းစေရမည်။ ဌာနခွဲတစ်ခုစီ၏ ဆောင်ရွက်ရမည့်လုပ်ငန်း သဘောသဘာဝ၊ တရားရုံးသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသော တရားသူကြီးများ၏ အရည်အချင်းနှင့် အတွေ့အကြုံတို့ကို အခြေခံ၍ ဌာနခွဲများ၌ တရားသူကြီးများကို တာဝန်ပေးအပ်ရမည်။ ဤသို့ဖြင့် ဌာနခွဲတစ်ခုစီ၌ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် နိုင်ငံတကာ ဥပဒေတို့၌ ကျွမ်းကျင်သူများ သင့်တင့်မျှတစွာ ပေါင်းစပ်ပါဝင်စေရမည်။ ပြစ်မှုဆိုင်ရာတရားခွင် အတွေ့အကြုံရှိသည့် တရားသူကြီးအများစုပါဝင်စေလျက် စစ်ဆေးစီရင်သောဌာနခွဲနှင့် အကြိုစစ်ဆေးသော ဌာနခွဲများကို ဖွဲ့စည်းစေရမည်။

၂။ (က) တရားရုံး၏ တရားရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဌာနခွဲတစ်ခုစီရှိ တရားခွင်များဖြင့် ဆောင်ရွက်ရမည်။

(ခ) (၁) အယူခံတရားသူကြီးရုံးကို အယူခံဌာနခွဲရှိ တရားသူကြီးအားလုံးဖြင့် ဖွဲ့စည်းရမည်။
(၂) စစ်ဆေးစီရင်သောတရားခွင်၏ လုပ်ငန်းတာဝန်များကို စစ်ဆေးစီရင်သောဌာနခွဲမှ တရားသူကြီး (၃) ဦးဖြင့် ဆောင်ရွက်မည်။
(၃) အကြိုစစ်ဆေးသောတရားခွင်၏ လုပ်ငန်းတာဝန်များကို အကြိုစစ်ဆေးသော ဌာနခွဲမှ တရားသူကြီး (၃) ဦးဖြင့်လည်းကောင်း၊ ဤဥပဒေ လုပ်ထုံးလုပ်နည်းနှင့် သက်သေ အထောက်အထားနှင့်ဆိုင်သော နည်းဥပဒေများနှင့်အညီ ထိုဌာနခွဲရှိ တရားသူကြီးတစ်ဦးတည်းမှလည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) တရားရုံး၏ လုပ်ငန်းပမာဏကို ကျွမ်းကျင်စွာစီမံခန့်ခွဲရန် အလွန်လိုအပ်လာပါက တစ်ခုထက်မကသော စစ်ဆေးစီရင်သော တရားခွင် (သို့မဟုတ်) အကြိုစစ်ဆေးသော တရားခွင်တို့ တပြိုင်နက် ဖွဲ့စည်းခြင်းအား ဤစာပိုဒ်ရှိ မည်သည့်အကြောင်းအရာကမျှ ဟန့်တားခြင်း မရှိစေရ။

၃။ (က) စစ်ဆေးစီရင်သောဌာနခွဲနှင့် အကြိုစစ်ဆေးသောဌာနခွဲတို့၌ တာဝန်ခန့်အပ်ခြင်းခံရသော တရားသူကြီးများသည် ထိုဌာနခွဲများ၌ (၃) နှစ်ကာလကြာ တာဝန်ထမ်းဆောင်ရမည်။ ထို့နောက်တွင် ဌာနခွဲနှင့် သက်ဆိုင်သည့်ကြားနာစစ်ဆေးခြင်း စတင်ပြီးဖြစ်သော မည်သည့်အမှုကိုမဆို ပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်ရမည် ။

(ခ) အယူခံဌာနခွဲ၌ တာဝန်ခန့်အပ်ခြင်းခံရသော တရားသူကြီးများသည် ရာထူးသက်တမ်း တလျှောက်လုံး တွင် ထိုဌာနခွဲ၌ တာဝန်ထမ်းဆောင်ရမည် ။

၄။ အယူခံဌာနခွဲ၌ တာဝန်ခန့်အပ်ခြင်းခံရသော တရားသူကြီးများသည် ထိုဌာနခွဲ၌သာလျှင် တာဝန်ထမ်းဆောင်စေရမည်။ တရားသူကြီးတဦးသည် တရားရုံးတင် မစစ်ဆေးမီကြားနာသော အဆင့်

တွင် ပါဝင်ဆောင်ရွက်ရာမှ အမှုစစ်ဆေးသော တရားခွင်သို့ ယာယီတွဲဖက်တာဝန်ထမ်းဆောင်ခြင်းကို ပိတ်ပင်ထားခြင်းမရှိလျှင်၊ အကယ်၍ ဥက္ကဋ္ဌအဖွဲ့က တရားရုံး၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာစီမံခန့်ခွဲရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ထိုတရားသူကြီးအား အမှုစစ်ဆေးသောတရားခွင်မှ တရားရုံးမတင်မီ စစ်ဆေးသောတရားခွင်သို့ ယာယီတွဲဖက် တာဝန်ထမ်းဆောင်စေခြင်းအပေါ် ဤ ပုဒ်မရှိ မည်သည့်အချက်ကမျှ ပိတ်ပင်ထားခြင်းမရှိစေရ။

## ပုဒ်မ (၄၀)
## တရားသူကြီးများ၏ လွတ်လပ်ခွင့်

၁။ တရားသူကြီးများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည်။

၂။ တရားသူကြီးများသည် ၎င်းတို့၏ တရားရေးစီရင်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဝင်ရောက်စွက်ဖက်နိုင်သော (သို့မဟုတ်) ၎င်းတို့ အချုပ်အချယ်ကင်းလွတ်လပ်စွာ တာဝန်ထမ်းဆောင်နေသည်ဟူသည့် ယုံစားမှုကို ထိပါးစေနိုင်သော မည်သည့်ပြုမူဆောင်ရွက်မှုမျိုးတွင်မျှ ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

၃။ တရားရုံးတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ရန် လိုအပ်သော တရားသူကြီးများသည် သက်မွေးဝမ်းကျောင်း ပညာသည်အနေဖြင့် အခြားမည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ခြင်းမရှိစေရ။

၄။ အပိုဒ် (၂) နှင့် (၃) တို့ကို ကျင့်သုံးရာတွင် ထွက်ပေါ်လာသော မည်သည့်ပြဿနာကိုမဆို တရားသူကြီးများ၏ အပြတ်အသတ် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ တစုံတစ်ဦးသော တရားသူကြီးနှင့် ပတ်သက်နေသည့် ဤသို့သော ပြဿနာကို ဆုံးဖြတ်ရာ၌ ထိုတရားသူကြီး ပါဝင်ဆုံးဖြတ်နိုင်ခြင်းမရှိစေရ။

## ပုဒ်မ (၄၁)
## တရားသူကြီးများကို ကင်းလွတ်ခွင့်ပေးခြင်းနှင့် အရည်အချင်းမပြည့်မှီကြောင်း သတ်မှတ်ခြင်း

၁။ တရားသူကြီးတဦး၏ တောင်းဆိုမှုအရ ဥက္ကဋ္ဌအဖွဲ့သည် လုပ်ထုံးလုပ်နည်းများ၊ သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများနှင့်အညီ ထိုတရားသူကြီးအား ဤဥပဒေအရ တာဝန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၂။ (က) မည်သည့်အကြောင်းပြချက်ဖြင့်မဆို တရားသူကြီးတဦး၏ သမာသမတ်ကျမှုကို ကျိုးကြောင်းဆီလျော်စွာဖြင့် သံသယရှိနိုင်သော အနေအထားရှိသည့် မည်သည့်မှုခင်းကိုမဆို ထိုတရားသူကြီးအနေဖြင့် ကိုင်တွယ်ခြင်း မရှိစေရ။ အကယ်၍ တရားသူကြီးတဦးသည် တရားရုံးသို့ ယခုမှုခင်း မရောက်ရှိလာမီ ယခင်က အဆိုပါ ပြစ်မှုဆိုင်ရာအမှု၌ ပါဝင်ပတ်သက်ခဲ့ပါက ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထိုတရားသူကြီးအနေဖြင့် အမှုကို ကိုင်တွယ်ဆောင်ရွက်နိုင်ခြင်းမရှိစေရ။ ထို့ပြင် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားနိုင်သည့် အခြားသော အကြောင်းပြချက်များဖြင့်လည်း တရားသူကြီးတစ်ဦးသည် ထိုအမှုကို ကိုင်တွယ်ဆောင်ရွက်ခြင်း မရှိစေရ။

(ခ) ဤအပိုဒ်အရ တရားစွဲအရာရှိ ကဖြစ်စေ(သို့မဟုတ်) စုံစမ်းစစ်ဆေးခံနေရသူ ကဖြစ်စေ (သို့မဟုတ်) တရားစွဲဆိုခြင်းခံ နေရသူကဖြစ်စေ တရားသူကြီးတစ်ဦးအနေဖြင့် အမှုကိုကိုင်တွယ်ဆောင်ရွက်ခြင်းမရှိရန် တောင်းဆိုနိုင်သည်။

(ဂ) တရားသူကြီးတစ်ဦးအနေဖြင့် အမှုကို ကိုင်တွယ်ဆောင်ရွက်ခွင့် မရှိနိုင်ခြင်းနှင့်သက်ဆိုင်သော မည်သည့်ပြဿနာကိုမဆို တရားသူကြီးများ၏ အပြတ်အသတ်မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ စိန်ခေါ်ခံရသော တရားသူကြီးသည် ထိုပြဿနာနှင့်ပတ်သက်၍ ၎င်း၏ထင်မြင်သုံးသပ်ချက်ကို တင်ပြနိုင်သော်လည်း ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပါဝင်ခြင်းမရှိစေရ။

## ပုဒ်မ (၄၂)
## တရားစွဲအရာရှိ ရုံး

၁။ တရားစွဲအရာရှိရုံးသည် တရားရုံး၏ သီးခြားအဖွဲ့ အစည်းတစ်ခုအနေဖြင့် လွတ်လပ်စွာ ပြုမူဆောင်ရွက်ရမည်။ ၎င်းသည် တရားရုံး၏စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများနှင့်စပ်လျဉ်း၍ အထောက်အထား ခိုင်ခိုင်လုံလုံ တင်ပြသော သတင်းအချက်အလက်များနှင့် လွှဲပြောင်းပေးအပ်သော အမှုတွဲများကို လက်ခံရယူရန် တာဝန်ရှိသည်။ ယင်းတို့ကိုစစ်ဆေးရန်၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်နှင့် တရားရုံးတွင် တရားစွဲဆိုမှုများကို စီမံဆောင်ရွက်ရန် တာဝန်ရှိသည်။ တရားစွဲအရာရှိ၏ ရုံးအဖွဲ့ဝင်တစ်ဦးသည် မည်သည့်ပြင်ပရင်းမြစ်၏ ညွှန်ကြားချက်များကိုမျှ ရှာဖွေခြင်း (သို့မဟုတ်) ယင်းတို့အပေါ်တွင် အခြေခံ၍ ပြုမူဆောင်ရွက်ခြင်းမရှိစေရ။

၂။ တရားစွဲအရာရှိ၏ ရုံးကို တရားစွဲအရာရှိက ဦးဆောင်ရမည်။ တရားစွဲအရာရှိသည် အမှုထမ်း ၊ အထောက် အပံ့ပစ္စည်းများနှင့် အခြားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များအပါအဝင် ရုံး၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးများ အပေါ် ၌ အပြည့်အဝ လုပ်ပိုင်ခွင့်အာဏာရှိရမည်။ ဤဥပဒေအရ တရားစွဲအရာရှိက

အလိုရှိသောလုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေး ဆောင်ရွက်ပေးနိုင်သူတစ်ဦး (သို့) ထို့ထက်ပိုသော လက်ထောက် တရားစွဲအရာရှိများက တရားစွဲဆိုသူကို ကူညီထောက်ပံ့ပေးရမည်။ တရားစွဲအရာရှိနှင့် လက်ထောက်တရားစွဲအရာရှိတို့သည် မတူညီသော နိုင်ငံသား များ ဖြစ်ရမည်။ ၎င်းတို့သည် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

၃။ တရားစွဲအရာရှိနှင့် လက်ထောက်တရားစွဲအရာရှိများသည် ကိုယ်ကျင့်တရား မြင့်မားကောင်းမွန်သူများ၊ ပြစ်မှုဆိုင်ရာမှုခင်းများတွင် လိုက်ပါဆောင်ရွက်ရန် (သို့မဟုတ်) တရားစွဲဆိုရန်အတွက် လိုအပ်သောအရည်အချင်းနှင့် ပြည့်စုံသူများ၊ လုပ်ငန်းအတွေ့အကြုံ ကျယ်ကျယ်ပြန့်ပြန့်ရှိသူများဖြစ်ရမည်။ ၎င်းတို့သည် တရားရုံး၏ ရုံးသုံးဘာသာစကား အနည်းဆုံးတစ်မျိုးကို အတိုင်းထက်အလွန် သိရှိပြီး ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်ရမည်။

၄။ တရားစွဲအရာရှိကို စာချုပ်ဝင်နိုင်ငံများညီလာခံရှိ အဖွဲ့ဝင်များ၏ အပြတ်အသတ် မဲအများစုဖြင့် လျှို့ဝှက်မဲပေးစနစ်ကိုသုံးကာ ရွေးကောက်တင်မြှောက်ရမည်။ တရားစွဲအရာရှိတင်ပြသော ရွေးကောက်ပွဲဝင် လက်ထောက် တရားစွဲအရာရှိလောင်းစာရင်းထဲမှ အထက်ပါနည်းလမ်းအတိုင်း လက်ထောက်တရားစွဲအရာရှိများကို ရွေးကောက်တင်မြှောက်ရမည်။ တရားစွဲအရာရှိသည် လက်ထောက်တရားစွဲအရာရှိနေရာကို ဖြည့်စွက်ရန် ရာထူးတစ်ခုစီအတွက် လက်ထောက်တရားစွဲ အရာရှိလောင်း (၃) ဦးကို အဆိုပြုရမည်။ ၎င်းတို့ကို ရွေးကောက်တင်မြှောက်သည့် အချိန်၌ ပိုမိုတိုတောင်းသော သက်တမ်းအတွက် တာဝန်ထမ်းဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းမရှိလျှင် တရားစွဲအရာရှိနှင့် လက်ထောက်တရားစွဲအရာရှိတို့သည် သက်တမ်း (၉) နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့သည် ပြန်လည် အရွေးချယ်ခံခွင့် မရှိစေရ။

၅။ မည်သည့်တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိ မဆို ၎င်း၏ တရားစွဲဆိုခြင်းလုပ်ငန်းတာဝန်များကို ဝင်ရောက်စွက်ဖက်နိုင် (သို့မဟုတ်) လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် ယုံစားမှုကို ထိခိုက်နိုင်သော မည်သည့်ပြုမူဆောင်ရွက်မှုမျိုးတွင်မျှ ပါဝင်ဆောင်ရွက်ခြင်းမရှိစေရ။ ၎င်းတို့သည် ပညာသည်အနေဖြင့် အခြား မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင်မျှ ပါဝင်လုပ်ကိုင်ခြင်း မပြုစေရ။

၆။ ဥက္ကဋ္ဌအဖွဲ့သည် တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိ၏ တောင်းဆိုချက်အရ ထူးခြားသည့် မှုခင်းတစ်ရပ်တွင် ၎င်းအား အမှုစွဲဆိုရန် တာဝန်ယူခြင်းမှ ကင်းလွတ်ခွင့်ပြုစေနိုင်သည်။

၇။ တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိ အနေဖြင့်မှုခင်းတစ်ရပ်တွင်

လိုက်ပါဆောင်ရွက်လျှင် အကြောင်းပြချက်တရပ်ရပ်ဖြင့် ဘက်လိုက်မှုရှိနိုင်သည်ဟု သံသယဖြစ်ခံရပါက ယင်းမှုခင်းတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိစေရ။ အကယ်၍ ၎င်းတို့သည် စုံစမ်းစစ်ဆေးခြင်း (သို့) တရားစွဲဆိုခြင်းခံနေရသူ ပါဝင်ပတ်သက်သော ပြည်တွင်းအဆင့်ရှိ ပြစ်မှုဆိုင်ရာနှင့်စပ်လျဉ်းသော မှုခင်း၌ (သို့) တရားရုံးရှေ့မှောက်၌ တနည်းနည်းဖြင့် ပတ်သက်မှုရှိခဲ့လျှင် ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်အရ ဤမှုခင်းတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိစေရ။

၈။ တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိအား အမှုဆောင်ရွက်ခွင့်မှ ပိတ်ပင်ခြင်းနှင့်သက်ဆိုင်သော မည်သည့်ပြဿနာကိုမဆို အယူခံတရားခွင်က ဆုံးဖြတ်ရမည်။

(က)တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိအား အမှုဆောင်ရွက်ခွင့်မှ ပိတ်ပင်စေရန် စုံစမ်းစစ်ဆေးခံနေရသူ (သို့မဟုတ်) တရားစွဲဆိုခြင်းခံနေရသူက ဤဥပဒေ၌ ဖော်ပြထားသည့် အကြောင်းပြချက်များပေါ်တွင်အခြေခံ၍ မည်သည့်အချိန်တွင်မဆို တောင်းဆိုနိုင်သည်။

(ခ) တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲအရာရှိက ပြဿနာနှင့်ပတ်သက်၍ ၎င်း၏ ထင်မြင်သုံးသပ်ချက်များကို သင့်လျော်သလို တင်ပြနိုင်ခွင့်ရှိစေရမည်။

၉။ တရားစွဲအရာရှိသည် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ ဆိုင်ရာတို့နှင့်စပ်လျဉ်းသော အကြမ်းဖက်မှုများနှင့် ကလေးသူငယ်များကိုဆန့်ကျင်၍ အကြမ်းဖက်မှုများအပါအဝင် သီးသန့်အကြောင်းရပ်များအတွက် ဥပဒေဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ်များကို ခန့်ထားရမည်။

## ပုဒ်မ(၄၃)
## မှတ်ပုံတင်ဌာန

၁။ မှတ်ပုံတင်ဌာနသည် ပုဒ်မ (၄၂) နှင့်အညီ တရားစွဲအရာရှိ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဘက်လိုက်ဆောင်ရွက်ခြင်းမရှိဘဲလျက် တရားရုံး၏ တရားရေးရာများနှင့် မပတ်သက်သော အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများကို တာဝန်ယူဆောင်ရွက်ရမည်။

၂။ မှတ်ပုံတင်ဌာနကို မှတ်ပုံတင်အရာရှိက ဦးဆောင်ရမည်။ ထိုသူသည် တရားရုံး၏ အုပ်ချုပ်ရေးမှူးလည်းဖြစ်ရမည်။ မှတ်ပုံတင်အရာရှိသည် တရားရုံးဥက္ကဋ္ဌ၏ ထိန်းချုပ်မှုအာဏာအောက်တွင် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၃။ မှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့သည် ကိုယ်ကျင့်တရားမြင့်မားသူများ၊ လွန်မင်းစွာ အရည်အချင်းပြည့်မီသူများဖြစ်ရမည်။ ၎င်းတို့သည် တရားရုံး၏ ရုံးသုံးဘာသာစကား

အနည်းဆုံး တစ်မျိုးကို အတိုင်းထက်အလွန်သိရှိပြီး ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်ရမည်။

၄။ စာချုပ်ဝင်နိုင်ငံများညီလာခံ၏ မည့်သည့်အကြံပြုချက်ကိုမဆို ထည့်သွင်းစဉ်းစားကာ လျှို့ဝှက်မဲပေးစနစ်သုံးပြီး တရားသူကြီးများ၏ အပြတ်အသတ်မဲအများစုဖြင့် မှတ်ပုံတင်အရာရှိကို ရွေးကောက်တင်မြှောက်ရမည်။ အကယ်၍ လိုအပ်လျှင် မှတ်ပုံတင်အရာရှိ၏ အကြံပြုချက်ဖြင့် တရားသူကြီးများသည် အဆိုပါနည်းလမ်းအတိုင်း လက်ထောက်မှတ်ပုံတင်အရာရှိကို ရွေးကောက်တင်မြှောက်ရမည်။

၅။ မှတ်ပုံတင်အရာရှိသည် သက်တမ်း (၅) နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်။ ၎င်းသည် နောက်တစ်ကြိမ် ပြန်လည်အရွေးချယ်ခံနိုင်ရမည်ဖြစ်ပြီး အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။ လက်ထောက်မှတ်ပုံတင်အရာရှိသည် သက်တမ်း (၅) နှစ်ကြာ (သို့မဟုတ်) တရားသူကြီးများ၏ အပြတ်အသတ်မဲအများစုဖြင့် ဆုံးဖြတ်သော ထို့ထက်ပို၍ တိုတောင်းသည့်အချိန်ကာလကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ အလိုရှိသောအခါ၌ တာဝန်ထမ်းဆောင်ရန် လက်ထောက်မှတ်ပုံတင်အရာရှိကို ခေါ်ယူမည်ဟူသော အကြောင်းရင်းဖြင့် ၎င်းကို ရွေးကောက်တင်မြှောက်နိုင်သည်။

၆။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ဌာနအတွင်းတွင် 'ပြစ်မှုကျူးလွန်ခံရသူများနှင့် သက်သေများဆိုင်ရာ ယူနစ်' ကို တည်ထောင်ရမည်။ ဤယူနစ်သည် ကာကွယ်ရေးနှင့် လုံခြုံရေးစီမံချက်များ၊ သက်သေများအတွက် ဆွေးနွေးလမ်းညွှန်မှုနှင့် အခြားသင့်လျော်သော ကူညီထောက်ပံ့မှုများ၊ တရားရုံးရှေ့မှောက်သို့ လာရောက်စစ်ဆေးခံသော ပြစ်မှုကျူးလွန်ခံရသူများနှင့် အဆိုပါသက်သေများ၏ သက်သေခံချက်များကြောင့် အန္တရာယ်ကျရောက်နိုင်သော အခြားသူများကို တရားစွဲအရာရှိရုံးနှင့် ညှိနှိုင်းတိုင်ပင်ကာ ကူညီထောက်ပံ့ပေးရမည်။ ဤယူနစ်တွင် လိင်ပိုင်းဆိုင်ရာ ထိခိုက်စော်ကားခံခဲ့ရသောကြောင့် စိတ်အနာတရဖြစ်နေသူများ အပါအဝင် စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်နေသူများနှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများ ပါရှိစေရမည်။

## ပုဒ်မ (၄၄)
## အမှုထမ်း

၁။ တရားစွဲအရာရှိနှင့် မှတ်ပုံတင်အရာရှိတို့သည် ၎င်းတို့၏ ဌာနအသီးသီးတွင် အရည်အချင်းပြည့်မီသည့် အမှုထမ်းများကို ၎င်းတို့လိုအပ်သလို ခန့်ထားရမည်။ တရားစွဲအရာရှိသည် စုံစမ်းစစ်ဆေးရေးမှူးများကိုလည်း လိုအပ်သလို ခန့်ထားရမည်။

၂။ တရားစွဲအရာရှိနှင့် မှတ်ပုံတင်အရာရှိတို့သည် ကျွမ်းကျင်ထိရောက်မှုအရှိဆုံးသော၊ အရည်အချင်းအမြင့်မားဆုံးဖြစ်သော၊ ဂုဏ်သိက္ခာမြင့်မားသော အမှုထမ်းများကို ရွေးချယ်ခန့်အပ်ထားရမည်။

ထို့ပြင် ၎င်းတို့သည် အမှုထမ်းများကို ခန့်အပ်ရာတွင် ပုဒ်မ (၃၆) အပိုဒ် (ဂ) ၌ ဖော်ပြထားသော အချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၃။ မှတ်ပုံတင်အရာရှိသည် ဥက္ကဋ္ဌအဖွဲ့နှင့် တရားစွဲအရာရှိတို့၏ သဘောတူညီမှုကိုရယူကာ တရားရုံး အမှုထမ်းများကို ခန့်အပ်ခြင်း၊ အလုပ်ထုတ်ခြင်း၊ လစာပေးခြင်းတို့နှင့်သက်ဆိုင်သည့် စည်းမျဉ်း စည်းကမ်းများကို အဆိုပြုရမည်။ အမှုထမ်းစည်းမျဉ်းစည်းကမ်းများကို စာချုပ်ဝင်နိုင်ငံများ၏ ညီလာခံက အတည်ပြုရမည်။

၄။ တရားရုံးသည် ခြွင်းချက်အခြေအနေများတွင် ၎င်း၏ မည်သည့်ဌာနခွဲမဆိုတွင် လုပ်ငန်း ဆောင်တာများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်ဝင်နိုင်ငံများ၊ အစိုးရအချင်းချင်း (သို့) အစိုးရမဟုတ်သော အဖွဲ့အစည်းများက အခမဲ့ကမ်းလှမ်းလာသည့် ကျွမ်းကျင်သူပညာရှင် အမှု ထမ်းများကို ခန့်ထားရမည်။ တရားစွဲအရာရှိကတရားစွဲ အရာရှိရုံး၏ကိုယ်စား ဤသို့သော ကမ်းလှမ်းမှု များကို လက်ခံရယူရမည်။ စာချုပ်ဝင်နိုင်ငံများ၏ ညီလာခံက ရေးဆွဲချမှတ်မည့် လမ်းညွှန်ချက်များနှင့် အညီ အဆိုပါ အခမဲ့အမှုထမ်းများကို ခန့်အပ်ထားရမည်။

## ပုဒ်မ (၄၅)
## လေးနက်သော ကတိသစ္စာပြုခြင်း

တရားသူကြီးများ၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိများ၊ မှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့သည် ဤဥပဒေနှင့်အညီ ၎င်းတို့၏ တာဝန်အသီးသီးကို မထမ်းဆောင် မီတွင် လုပ်ငန်းတာဝန်ကိုယ်စီကို ဘက်မလိုက်ဘဲနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ရန် တရားရုံးရှေ့မှောက်၌ လေးနက်သော ကတိသစ္စာပြုရမည်။

## ပုဒ်မ (၄၆)
## ရာထူးမှ ဖယ်ရှားခြင်း

၁။ တရားသူကြီး၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိ၊ မှတ်ပုံတင်အရာရှိ (သို့မဟုတ်) လက်ထောက်မှတ်ပုံတင်အရာရှိတို့သည် အောက်ဖော်ပြပါတို့ကို လုပ်ဆောင်ပါက ပိုဒ်ခွဲ (၂) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ဆုံးဖြတ်ချက်ချမှတ်လျှင် ရာထူးမှ ဖယ်ရှားခြင်းခံရမည်။

(က) ထိုသူသည် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများ တွင် ပြဋ္ဌာန်းထားသကဲ့သို့ ဤဥပဒေအောက်၌ အလွန်အမင်း မှားယွင်းစွာ ပြုမူဆောင် ရွက်သည် (သို့မဟုတ်) တာဝန်ဝတ္တရားများကို ဖောက်ဖျက်သည်ဟု စုံစမ်းသိရှိရခြင်း။

(ခ) ထိုသူသည် ဤဥပဒေနှင့်အညီ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်မှုမရှိခြင်း။

၂။ ပိုဒ်ခွဲ (၁)နှင့်အညီ တရားသူကြီး၊ တရားစွဲအရာရှိ (သို့မဟုတ်) လက်ထောက်တရားစွဲ အရာရှိကို ရာထူးမှ ဖယ်ရှားရန်အတွက် စာချုပ်ဝင်နိုင်ငံများ ညီလာခံက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆုံးဖြတ်ရမည်။

(က) အခြားသော တရားသူကြီးဦးရေ ၃ ပုံ ၂ ပုံက လက်ခံသဘောတူညီသော ထောက်ခံချက်ကို စာချုပ်ဝင်နိုင်ငံများ၏ တရားသူကြီးဦးရေ ၃ ပုံ ၂ ပုံက သဘောတူညီခြင်းဖြင့် တရားသူကြီးတစ်ဦးကို ရာထူးမှဖယ်ရှားရမည်။

(ခ) စာချုပ်ဝင်နိုင်ငံအားလုံး၏ အပြတ်အသတ်မဲအများစုဖြင့် တရားစွဲအရာရှိကို ရာထူးမှ ဖယ်ရှားရမည်။

(ဂ) တရားစွဲအရာရှိ၏ ထောက်ခံချက်အရ စာချုပ်ဝင်နိုင်ငံများ၏ အပြတ်အသတ် မဲအများစုဖြင့် လက်ထောက်တရားစွဲအရာရှိကို ရာထူးမှ ဖယ်ရှားရမည်။

၃။ မှတ်ပုံတင်အရာရှိ (သို့မဟုတ်) လက်ထောက်မှတ်ပုံတင်အရာရှိကို ရာထူးမှဖယ်ရှားရန် တရားသူကြီးများ၏ အပြတ်အသတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

၄။ ဤဥပဒေနှင့်အညီ ထမ်းဆောင်ရမည့်ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စိန်ခေါ်ခြင်းခံရပါက (သို့မဟုတ်) ဆောင်ရွက်နိုင်စွမ်းမရှိဟူ၍ ဤပုဒ်မအရ စိန်ခေါ်ခြင်းခံရပါက တရားသူကြီး၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိ၊ မှတ်ပုံတင်အရာရှိ (သို့မဟုတ်) လက်ထောက်မှတ်ပုံတင်အရာရှိ တစ်ဦးဦးတို့ သည် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများနှင့်အညီ သက်သေအထောက်အထားများကို တင်ပြရန်၊ လက်ခံရရှိရန်နှင့် အဆိုပြုလွှာများ တင်သွင်းရန်အတွက် အခွင့်အရေးအပြည့်အဝရှိရမည်။ အဆိုပါအမှုကို စဉ်းစားဆုံးဖြတ်ရာတွင် အငြင်းပွားမှုနှင့် သက်ဆိုင်သူသည် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိစေရ။

## ပုဒ်မ (၄၇)
## စည်းကမ်းထိမ်းသိမ်းရေး စီမံချက်များ

ပုဒ်မ (၄၆) ၌ ပြဋ္ဌာန်းသည့်အဆင့်အထိမျှ ပြင်းထန်ဆိုးရွားစွာ မလျော်ပြုမှုမှု မရှိသော တရားသူကြီး၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိ၊ မှတ်ပုံတင်အရာရှိ (သို့မဟုတ်) လက်ထောက်မှတ်ပုံတင်အရာရှိသည် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများနှင့်အညီ စည်းကမ်းကျင့်ဝတ်များ၏ အောက်တွင် ရှိစေရမည်။

# ပုဒ်မ (၄၈)
# အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ

၁။ တရားရုံးသည် ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်နှင့်အညီ စာချုပ်ဝင်နိုင်ငံ၏ နယ်ပယ်အတွင်းတွင် အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို ရရှိခံစားရမည်။

၂။ တရားရုံး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် (သို့မဟုတ်) တရားရုံး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တရားသူကြီးများ၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိနှင့် မှတ်ပုံတင်အရာရှိတို့သည် သံတမန်ရေးရာအဖွဲ့၏ ခေါင်းဆောင်များကိုပေးအပ်သော အလားတူ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို ရရှိခံစားရမည်။ ထို့ပြင် ထိုသူတို့၏ ရာထူးသက်တမ်း ကုန်ဆုံးပြီးနောက်ပိုင်းတွင်လည်း ၎င်းတို့တာဝန်ထမ်းဆောင်စဉ် ကာလနှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြောဆိုရေးသားခဲ့သော၊ ပြုမူဆောင်ရွက်ခဲ့သော တရားရေးရာဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကွင်းလွတ်ခွင့် ဆက်လက်ရှိစေရမည်။

၃။ လက်ထောက်တရားစွဲအရာရှိ၊ တရားစွဲအရာရှိ၏ရုံးမှ အမှုထမ်းများနှင့် မှတ်ပုံတင်ဌာနမှ အမှုထမ်းများတို့သည် တရားရုံး၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူညီချက်စာချုပ်အရ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော အထူးအခွင့်အရေးများ၊ ကင်းလွတ်ခွင့်များနှင့် ပံ့ပိုးမှုပစ္စည်းများကို ရရှိခံစားရမည်။

၄။ တရားရုံးချုပ်ရှေ့နေ၊ ကျွမ်းကျင်သူများ၊ သက်သေများ (သို့မဟုတ်) တရားရုံးသို့ တက်ရောက်ရန်လိုအပ်သောသူများသည် တရားရုံး၏ လုပ်ငန်းတာဝန်များမှန်ကန်စွာဆောင်ရွက်နိုင်ရန်အတွက် တရားရုံး၏ အထူးအခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များနှင့်ဆိုင်သော သဘောသတူညီချက်များနှင့်အညီ ၎င်းတို့ကို လိုအပ်သလို ပြုမူဆက်ဆံရမည်။

၅။ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို အောက်ပါတို့က သက်ညှာလျှော့ပေါ့နိုင်သည်။

(က) တရားသူကြီးနှင့် တရားစွဲအရာရှိတို့၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို တရားသူကြီးများ၏ အပြတ်အသတ်မဲဖြင့် သက်ညှာလျှော့ပေါ့နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို ဥက္ကဋ္ဌအဖွဲ့က သက်ညှာလျှော့ပေါ့နိုင်သည်။

(ဂ) လက်ထောက်တရားစွဲအရာရှိများနှင့် တရားစွဲအရာရှိရုံးအမှုထမ်းများ၏ အထူးအခွင့်

အရေးများနှင့် ကင်းလွတ်ခွင့်များကို တရားစွဲအရာရှိက သက်ညှာလျှော့ပေါ့နိုင်သည်။

(ဃ) လက်ထောက်မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ဌာနရှိအမှုထမ်းများ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မှတ်ပုံတင်အရာရှိက သက်ညှာလျှော့ပေါ့နိုင်သည်။

## ပုဒ်မ (၄၉)
## လစာများ၊ ထောက်ပံ့ကြေးငွေများနှင့် အသုံးစရိတ်များ

တရားသူကြီးများ၊ တရားစွဲအရာရှိ၊ လက်ထောက်တရားစွဲအရာရှိများ၊ မှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့သည် စာချုပ်ဝင်နိုင်ငံများညီလာခံတွင် စဉ်းစားဆုံးဖြတ်မည့် လစာများ၊ ထောက်ပံ့ကြေးငွေများနှင့် အသုံးစရိတ်များကို လက်ခံရရှိရမည်။ ၎င်းတို့၏ ရာထူးသက်တမ်းတလျှောက်လုံးတွင် အဆိုပါလစာများနှင့် ထောက်ပံ့ကြေးငွေများကို လျှော့ပေါ့ခြင်းမရှိစေရ။

## ပုဒ်မ (၅၀)
## ရုံးသုံးနှင့် အလုပ်သုံးဘာသာစကားများ

၁။ တရားရုံး၏ ရုံးသုံးဘာသာစကားများသည် အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှနှင့် စပိန်စသည့် ဘာသာစကားများဖြစ်ရမည်။ တရားရုံး၏ တရားစီရင်မှုများနှင့် တရားရုံးရှေ့မှောက်တွင် အဓိကကျသော မှုခင်းများအား စစ်ဆေးစီရင်မှုများကို ရုံးသုံးဘာသာစကားများဖြင့် ပုံနှိပ်ဖြန့်ချိရမည်။ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသော စံများနှင့်အညီ ဤပိုဒ်ခွဲ အလို့ငှာ မည်သည့်စစ်ဆေးစီရင်မှုက အခြေခံအကြောင်းရပ်များအားဖြေရှင်းပေးနိုင်သည်ဆိုသည်ကို ဥက္ကဋ္ဌအဖွဲ့က စဉ်းစားဆုံးဖြတ်ရမည်။

၂။ အင်္ဂလိပ်နှင့် ပြင်သစ် ဘာသာစကားများသည် လုပ်ငန်းသုံး ဘာသာစကားများဖြစ်ရမည်။ အခြား မည်သည့်ဘာသာစကားကို လုပ်ငန်းခွင်တွင် အသုံးပြုရမည်ဆိုသည်ကို လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက် အထားများဆိုင်ရာ နည်းဥပဒေများက ဆုံးဖြတ်ရမည်။

၃။ မှုခင်းတစ်ခု၏ အမှုသည်က (သို့) မှုခင်းတစ်ခုတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်ရထားသော နိုင်ငံတစ်ခုက တောင်းဆိုလာပါက တရားရုံးက ခိုင်လုံစွာ ကျိုးကြောင်းဆီလျော်မှုရှိသည်ဟု စဉ်းစားဆုံးဖြတ်လျှင် အဆိုပါအမှုသည် (သို့) နိုင်ငံကို တရားရုံးက အင်္ဂလိပ် (သို့မဟုတ်) ပြင်သစ်မှလွဲ၍ အခြားဘာသာစကားကို အသုံးပြုခွင့်ပေးရမည်။

# ပုဒ်မ (၅၁)
# လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများ

၁။ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများသည် စာချုပ်ဝင်နိုင်ငံများ ညီလာခံ၏ အဖွဲ့ဝင် ၃ ပုံ ၂ ပုံက သဘောတူလက်ခံမှုဖြင့် အကျိုးသက်ရောက်မှုရှိရမည်။

၂။ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ရန် အောက်ဖော်ပြပါတို့က တင်သွင်းအဆိုပြုနိုင်သည်။

(က) မည်သည့် စာချုပ်ဝင်နိုင်ငံမဆို။

(ခ) အပြတ်အသတ်မဲအများစုဖြင့် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများ။

(ဂ) တရားစွဲအရာရှိ။

စာချုပ်ဝင်နိုင်ငံများညီလာခံတွင် အဖွဲ့ဝင် ၃ ပုံ ၂ ပုံမှ သဘောတူလက်ခံမှုဖြင့် ဤသို့သော ပြင်ဆင်ချက်များ အကျိုးသက်ရောက်မှုရှိရမည်။

၃။ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများကို သဘောတူလက်ခံပြီးနောက် စည်းမျဉ်းဥပဒေများတွင် မှုခင်းတစ်ခုခုအတွက် ပြဋ္ဌာန်းထားခြင်းမရှိသော အရေးပါလှသည့် အခြေအနေမျိုးတွင် တရားသူကြီးများသည် အပြတ်အသတ်မဲ ၃ ပုံ ၂ ပုံဖြင့် ယာယီစည်းမျဉ်း ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။ စာချုပ်ဝင်နိုင်ငံများညီလာခံ၏ နောက်လာမည့် ပုံမှန် (သို့မဟုတ်) အထူးအစည်းအဝေးတွင် ယာယီနည်းဥပဒေများကို သဘောသူလက်ခံသည်အထိ ပြင်ဆင်ပြီးသည်အထိ (သို့မဟုတ်) ပယ်ချသည်အထိ အဆိုပါစည်းမျဉ်းဥပဒေ များ အကျုံးဝင်မည်ဖြစ်သည်။

၄။ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများ၊ ၎င်း၏ ပူးတွဲပြင်ဆင်ချက်များနှင့် မည်သည့်ယာယီနည်းဥပဒေမဆိုသည် ဤဥပဒေနှင့် လိုက်လျောညီထွေမှုရှိရမည်။ စုံစမ်းစစ်ဆေးခံနေရသူ (သို့မဟုတ်) တရားစွဲဆိုခံနေရသူ (သို့မဟုတ်) ပြစ်ဒဏ်ကျခံနေရသူ နောက်ကြောင်းပြန် ထိခိုက်နစ်နာစေရန်ရည်ရွယ်လျက် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများ၏ ပြင်ဆင်ချက်များနှင့် ယာယီနည်းဥပဒေများကို ကျင့်သုံးခြင်းမရှိစေရ။

၅။ ဤဥပဒေနှင့် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာနည်းဥပဒေများ နှစ်ခုအကြား အတိုက်အခံဖြစ်လာလျှင် ဤဥပဒေက လွှမ်းမိုးရမည်။

## ပုဒ်မ (၅၂)
## တရားရုံး၏ စည်းမျဉ်းစည်းကမ်းများ

၁။ ဤဥပဒေနှင့် လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားများဆိုင်ရာ နည်းဥပဒေများနှင့်အညီ တရားရုံး လုပ်ငန်းစဉ်ပုံမှန်လည်ပတ်ရန်အတွက် လိုအပ်သည့် 'တရားရုံး၏ စည်းမျဉ်းများ' ကို တရားသူကြီးများသည် ၎င်းတို့၏ အပြတ်အသတ်မဲအများစုဖြင့် ချမှတ်ကျင့်သုံးရမည်။

၂။ တရားစွဲအရာရှိနှင့် မှတ်ပုံတင်အရာရှိတို့သည် စည်းမျဉ်းစည်းကမ်းများနှင့် ၎င်း၏ ပူးတွဲပြင်ဆင်ချက်များကို ရေးဆွဲရန် ဆွေးနွေးတိုင်ပင်ရမည်။

၃။ တရားသူကြီးများက အခြားနည်း ဆုံးဖြတ်ခြင်းမရှိပါက စည်းမျဉ်းစည်းကမ်းများနှင့် ၎င်း၏ ပူးတွဲပြင်ဆင်ချက်များကို သဘောတူလက်ခံခြင်းဖြင့် အကျိုးသက်ရောက်မှုရှိရမည်။ ၎င်းတို့ကို သဘောတူလက်ခံပြီးသည်နှင့်တပြိုင်နက် ဝေဖန်သုံးသပ်ချက်ပေးနိုင်ရန်အတွက် စာချုပ်ဝင်နိုင်ငံများအား ဖြန့်ဝေရမည်။ အကယ်၍ ၆ လအတွင်း စာချုပ်ဝင်နိုင်ငံအများစုက ကန့်ကွက်ခြင်းမရှိလျှင် ၎င်းတို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

# အပိုင်း (၅) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း

## ပုဒ်မ (၅၃)
## စုံစမ်းစစ်ဆေးမှုစတင်ခြင်း

၁။ တရားစွဲအရာရှိသည် ၎င်းထံသို့ တင်ပြလာသည့် သတင်းအချက်အလက်များကို စဉ်းစားချင့်ချိန်ကာ ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းမရှိဟု၍ ဆုံးဖြတ်ခြင်းမရှိလျှင် ၎င်းက စုံစမ်းစစ်ဆေးမှုကို စတင်ရမည်။ စုံစမ်းစစ်ဆေးမှုကို စတင်ရန် သင့်/မသင့် ဆုံးဖြတ်ရာတွင် တရားစွဲအရာရှိက အောက်ပါအချက်များကို စဉ်းစားဆင်ခြင်ရမည်။

(က) တရားစွဲအရာရှိ ရရှိနိုင်သည့် သတင်းအချက်အလက်များအရ တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုကို ကျူးလွန်နေသော (သို့မဟုတ်) ကျူးလွန်ခဲ့သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်း ရှိ/မရှိ ။

(ခ) ပုဒ်မ (၁၇) နှင့်အညီ အမှုကို လက်ခံနိုင်ခြင်းရှိ/မရှိ။

(ဂ) ရာဇဝတ်မှု၏ အတိမ်အနက်နှင့် ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ ပါဝင်ပတ်သက်မှုတို့ကို ထည့်သွင်းစဉ်းစားကာ မည်သို့ပင်ဖြစ်စေကာမူ စုံစမ်းစစ်ဆေးမှုကြောင့် တရားမျှတမှု ရရှိနိုင်ခြင်းမရှိဟု ယုံကြည်ရသည့် အဓိကကျသော အကြောင်းရင်းများရှိ/မရှိ။

အကယ်၍ တရားစွဲအရာရှိသည် ဆက်လက်ဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းမရှိဟုဆုံးဖြတ်ပြီး ထိုဆုံးဖြတ်ချက်သည် အပိုဒ်ခွဲ(ဂ)တစ်ခုတည်းကိုသာ အခြေခံ၍ ဆုံးဖြတ်ခြင်း ဖြစ်ပါက ၎င်းသည် အကြိုစစ်ဆေးသောတရားခွင်ကို အကြောင်းကြားရမည်။

၂။ စုံစမ်းစစ်ဆေးပြီးနောက် အောက်ပါအချက်များကြောင့် တရားစွဲဆိုနိုင်ရန် လုံလောက်သော အကြောင်းရင်းမရှိဟု တရားစွဲဆိုသူက ဆုံးဖြတ်ပါက –

(က) ပုဒ်မ (၅၈) အရ ဝရမ်း (သို့မဟုတ်) သမ္မာန်စာရရှိရန် လုံလောက်သော ဥပဒေကြောင်း

အရ (သို့မဟုတ်) အချက်အလက် အထောက်အထားဆိုင်ရာအရ ခိုင်လုံသည့် အကြောင်းရင်း မရှိခြင်း (သို့) ဆင့်ခေါ်ရန် ခိုင်လုံသည့် အကြောင်းရင်းမရှိခြင်း၊

(ခ) ပုဒ်မ (၁၇) အရ အမှုကို လက်မခံနိုင်ခြင်း၊ သို့မဟုတ်–

(ဂ) ရာဇဝတ်မှု၏ အတိမ်အနက်၊ ပြစ်မှုကျူးလွန်ခံရသူများ၏ ပါဝင်ပတ်သက်မှု၊ အစွပ်စွဲခံရသူတရားခံ၏ အသက်အရွယ်၊ အိုမင်းမစွမ်းမှုနှင့် ၎င်း၏ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်သော အခန်းကဏ္ဍများအပါအဝင် အားလုံးသော အခြေအနေများကို ထည့်သွင်းစဉ်းစားကာ တရားစွဲဆိုခြင်းဖြင့် တရားမျှတမှုမရရှိနိုင်ခြင်း၊ တရားစွဲဆိုသူသည် ၎င်း၏ ဆုံးဖြတ်ချက်ကို၊ အဘယ်ကြောင့် ဤသို့ဆုံးဖြတ်ရသည်ဆိုသည့် အကြောင်းအချက်များကို အကြိုစစ်ဆေးသော တရားခွင်သို့၊ ပုဒ်မ (၁၄) အရ အမှုတစ်ခုကို လွှဲပြောင်းပေးသော စာချုပ်ဝင်နိုင်ငံသို့ (သို့မဟုတ်) ပုဒ်မ (၁၃) ပိုဒ်ခွဲ (ခ)တွင်ပါဝင်သော လုံခြုံရေးကောင်စီသို့ သတင်းပို့ရမည်။

၃။ (က) ပုဒ်မ (၁၄) အရ အမှုတစ်ခုကို လွှဲပြောင်းပေးသော စာချုပ်ဝင်နိုင်ငံ (သို့မဟုတ်) ပုဒ်မ (၁၃) ပိုဒ်ခွဲ(ခ) အရ လုံခြုံရေးကောင်စီတို့၏ တောင်းဆိုမှုအရ အကြိုစစ်ဆေးသော တရားခွင်က အပိုဒ်(၁) သို့မဟုတ် (၂) နှင့်အညီ အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် တရားစွဲဆိုသူက ချမှတ်သော ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်မည်ဖြစ်၍ တရားစွဲအရာရှိအား အဆိုပါဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် မေတ္တာရပ်ခံနိုင်သည်။

(ခ) ထို့အပြင် အကယ်၍ အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် တရားစွဲအရာရှိက ချမှတ်သော ဆုံးဖြတ်ချက်သည် အပိုဒ် (၁ ၊ ဂ) သို့မဟုတ် အပိုဒ် (၂ ၊ ဂ) တို့ကိုသာ အခြေပြုပါက အကြိုစစ်ဆေးသော တရားခွင်က အဆိုပါဆုံးဖြတ်ချက်ကို ဦးစွာပဏာမ ပြန်လည်သုံးသပ်ရမည်။ ဤနေရာ၌ အကြိုစစ်ဆေးသော တရားခွင်က အတည်ပြုမှသာလျှင် တရားစွဲအရာရှိ၏ ဆုံးဖြတ်ချက် အကျိုးသက်ရောက်ရမည်။

၄။ မည်သည့်အခါတွင်မဆို တရားစွဲအရာရှိသည် အချက်အလက် (သို့မဟုတ်) သတင်းအချက်အလက်များ အသစ်ပေါ်ပေါက်လာသည့်အပေါ် အခြေခံ၍ စုံစမ်းထောက်လှမ်းမှုကို (သို့မဟုတ်) တရားစွဲဆိုမှုကို စတင်ရန် သင့်/မသင့် ဆုံးဖြတ်ချက်အား ပြန်လည်စဉ်းစားသုံးသပ်နိုင်သည်။

## ပုဒ်မ (၅၄)
## စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တရားစွဲအရာရှိ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာများ

၁။ တရားစွဲအရာရှိသည်–

(က) အမှန်တရားဖြစ်ထွန်းစေရန်ရည်ရွယ်ချက်ဖြင့် ဤဥပဒေနှင့် ပြစ်မှုကြောင်းရာအရ တာဝန် ရှိ/မရှိကို သုံးသပ်အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော အချက်အလက်၊ အထောက်

အထားများအားလုံးကို ခြုံငုံမိနိုင်စေရန်အတွက် စုံစမ်းစစ်ဆေးမှုကို တိုးချဲ့ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်ကြောင်းညွှန်ပြသော (သို့မဟုတ်) အပြစ်မရှိကြောင်း ညွှန်ပြသောအခြေအနေများကိုပါ သာတူညီမျှစွာ စုံစမ်းစစ်ဆေးသည်။

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်အတွင်းရှိ ပြစ်မှုများကို ထိရောက်စွာ စုံစမ်းစစ်ဆေးနိုင်စေရန်နှင့် တရားစွဲဆို နိုင်စေရန်အတွက် လိုအပ်သောလုပ်ဆောင်မှုများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပြစ်မှု၏ သဘောသဘာဝကို၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကျား/မ ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကလေးသူငယ်များအား ဆန့်ကျင်၍ အကြမ်းဖက်မှုများကို ထည့်သွင်းစဉ်းစားပြီး၊ ပုဒ်မ (၇) အပိုဒ် (၃) ၌ ဖွင့်ဆိုထားသည့် အသက်အရွယ်၊ လိင်နှင့် ကျန်းမာရေးအခြေအနေများအပါအဝင် ပြစ်မှုကျူးလွန်ခံရသူနှင့် သက်သေတို့၏ အကျိုးနှင့် ကိုယ်ရေးကိုယ်တာ အခြေအနေများကို လေးစားရမည်။

(ဂ) ဤဥပဒေတွင်ဖော်ပြထားသော 'လူပုဂ္ဂိုလ်များ၏ရပိုင်ခွင့်အခွင့်အရေးများ' ကို အပြည့်အဝ လေးစားရမည်။

၂။ တရားစွဲအရာရှိသည် နိုင်ငံတစ်ခု၏နယ်မြေအတွင်းတွင် စုံစမ်းစစ်ဆေးမှုကို –

(က) အပိုင်း (၉)ရှိ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်နိုင်သည် ။ (သို့မဟုတ်)–

(ခ) ပုဒ်မ (၅၇) ပိုဒ်ခွဲ (၃၊ ဃ) အရ အကြိုစစ်ဆေးသောတရားခွင်၏ ခွင့်ပြုချက်ဖြင့် လုပ်ဆောင်နိုင်သည်။

၃။ တရားစွဲအရာရှိသည် –

(က) သက်သေအထောက်အထားများကို စုဆောင်းနိုင်သည်၊ စုံစမ်းစစ်ဆေးနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံနေရသူများ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် သက်သေများကို ရှေ့မှောက်သို့ လာရောက်ရန် တောင်းဆိုနိုင်သည်။

(ဂ) မည်သည့်နိုင်ငံနှင့်မဆို (သို့မဟုတ်) မည်သည့် အစိုးရအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်နိုင်သည် (သို့မဟုတ်) တရားစွဲအရာရှိ၏ ကျွမ်းကျင်မှုနှင့်၊ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာအပေါ် အခြေခံ၍ စီစဉ်ဆောင်ရွက်နိုင်သည်။

(ဃ) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ စာချုပ်ဝင်နိုင်ငံ၊ အစိုးရအဖွဲ့အစည်း (သို့မဟုတ်) အခြားသူတို့နှင့် လွယ်ကူချောမွေ့စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စီစဉ်မှုများ (သို့မဟုတ်) သဘောတူညီမှုများကို ပြုလုပ်ရယူနိုင်သည်။

(င) မှုခင်း၏ မည်သည့်အဆင့်တွင်မဆို လျှို့ဝှက်ထားရမည်ဖြစ်သော၊ သက်သေအထောက်အထားသစ်များ ရရှိစေရန်အတွက်သာ ရည်ရွယ်သော တရားစွဲအရာရှိရရှိထားသည့် စာရွက်စာတမ်းများ (သို့) သတင်းအချက်အလက်များကို သတင်းအချက်အလက်ပေး

သူက ခွင့်မပြုလျှင် ထုတ်ဖော်ခြင်းမပြုရန် သဘောတူနိုင်သည်။

(စ) သတင်းအချက်အလက်များကို လျှို့ဝှက်ထားနိုင်စေရန်၊ မည်သူ့ကိုမဆို အကာအကွယ်ပေးနိုင်စေရန် (သို့မဟုတ်) သက်သေအထောက်အထားများကို ထိမ်းသိမ်းထားနိုင်စေရန်အတွက် လိုအပ်သော လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်သည် (သို့မဟုတ်) လိုအပ်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ရန် တောင်းဆိုနိုင်သည်။

## ပုဒ်မ (၅၅)
## စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း၌ လူပုဂ္ဂိုလ်များ၏ ရပိုင်ခွင့် အခွင့်အရေးများ

၁။ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ တစုံတစ်ဦးသည် –

(က) ၎င်းက အပြစ်ကျူးလွန်သူဖြစ်ကြောင်း ထွက်ဆိုရန် (သို့မဟုတ်) အပြစ်ရှိကြောင်းဝန်ခံရန် အကြပ်ကိုင်ခြင်းခံရခြင်း မရှိစေရ။

(ခ) အတင်းအကြပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော (သို့မဟုတ်) သိမ်ငယ်စေသော မည်သည့် ပြုမူဆက်ဆံမှု (သို့မဟုတ်) ပြစ်ဒဏ်ကိုမျှ ခံစားရခြင်းမရှိစေရ။

(ဂ) အကယ်၍ ၎င်းတတ်ကျွမ်းသော ဘာသာစကားမှလွဲ၍ အခြားဘာသာစကားဖြင့် မေးမြန်းစစ်ဆေးခြင်းခံရလျှင် ကျွမ်းကျင်မှုရှိသော ဘာသာပြန်တစ်ယောက်၏ အကူအညီကို အခမဲ့ရယူနိုင်ရမည်ဖြစ်ပြီး ထိုသို့သော ဘာသာပြန်ဆိုမှုများသည် တရားမျှတမှုရှိရန် လိုအပ်သည်။

(ဃ) ဤဥပဒေတွင်ဖော်ပြထားသော အကြောင်းပြချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် အကြောင်းအရာများမှလွဲ၍ အခြားသောအကြောင်းအရာများဖြင့် တဖက်သတ် ဖမ်းဆီးခြင်း (သို့မဟုတ်) ချုပ်နှောင်ခံရခြင်းမရှိစေရဘဲ ၎င်း၏ လွတ်လပ်ခွင့်ကို ဆုံးရှုံးခြင်းမရှိစေရ။

၂။ တစုံတဦးသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရသည့် အကြောင်းရင်းများရှိနေသော အခြေအနေ (သို့မဟုတ်) တရားစွဲဆိုသူက ထိုသူကို စုံစမ်းမေးမြန်းဆဲ အခြေအနေ (သို့မဟုတ်) အပိုင်း (၉) တွင်ပါရှိသော မေတ္တာရပ်ခံတောင်းဆိုချက်နှင့်အညီ နိုင်ငံတော် အာဏာပိုင်များက စုံစမ်းမေးမြန်းဆဲအခြေအနေတွင် ၎င်းသည် စုံစမ်းမေးမြန်းခြင်းမခံရမီ အောက်ပါတို့ကို အသိပေးခြင်းခံရမည် ။

(က) စုံစမ်းမေးမြန်းခြင်းမပြုမီ ၎င်းသည် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရသည့် အကြောင်းရင်းများရှိသည်ဟု အသိပေးခြင်းခံရမည်။

(ခ) နှုတ်ဆိတ်နေရန် အသိပေးခြင်းခံရမည်။ ထိုသို့နှုတ်ဆိတ်နေခြင်းသည် အပြစ်ရှိသည်

(သို့မဟုတ်) အပြစ်ကင်းသည်ဟု ဆုံးဖြတ်ခြင်းတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပေ။

(ဂ) ဥပဒေကြောင်းရာအရ ကူညီထောက်ပံ့မည့်သူကို ၎င်း၏ရွေးချယ်မှုဖြင့် ထားရှိရန် (သို့မဟုတ်) အကယ်၍ ၎င်းတွင် ဥပဒေကြောင်းအရ ကူညီထောက်ပံ့မည့်သူ မရှိသေးပါက တရားမျှတမှုဖြစ်ထွန်းရန် လိုအပ်သော မည်သည့်မှုခင်းအတွက်မဆို ၎င်းအတွက် ဥပဒေကြောင်းအရ ကူညီထောက်ပံ့မည့်သူကို ထားရှိရန် အသိပေးခြင်းခံရမည်ဖြစ်ပြီး အကယ်၍ ထိုသူ၌ မှုခင်းအတွက် ကုန်ကျစရိတ်ကို ပေးချေနိုင်စွမ်းမရှိလျှင် ပေးချေရန်မလိုအပ်စေရ။

(ဃ) အဆိုပါပုဂ္ဂိုလ်သည် ၎င်း၏ အခွင့်အရေးဖြစ်သော ဥပဒေအကျိုးဆောင်၏ အကူအညီရယူခွင့်ကို မိမိသဘောဆန္ဒအလျောက် စွန့်လွှတ်ခြင်းမရှိလျှင် ဥပဒေအကျိုးဆောင်၏ ရှေ့မှောက်တွင် မေးမြန်းခံစေရမည်။

## ပုဒ်မ (၅၆)
## ထူးခြားသော စုံစမ်းစစ်ဆေးမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အကြိုစစ်ဆေးသောတရားခွင်၏ အခန်းကဏ္ဍ

၁။ (က) စုံစမ်းစစ်ဆေးမှုပြုလုပ်လျှင် နောက်ပိုင်း စစ်ဆေးစီရင်ရာတွင် ရနိုင်ရန် မရေရာသော သက်သေခံချက် (သို့မဟုတ်) ထွက်ဆိုချက်ကို ရရှိနိုင်ရန် (သို့မဟုတ်) သက်သေအထောက်အထားများကို စုဆောင်းနိုင်ရန် (သို့မဟုတ်) စမ်းသပ်နိုင်ရန်အတွက် အခွင့်အလမ်းကောင်းရှိသည်ဟုယူဆပါက တရားစွဲအရာရှိသည် ဤအကြောင်းအရာကို အကြိုစစ်ဆေးသော တရားခွင်သို့ သတင်းပို့ရမည်။

(ခ) ဤသို့ဖြစ်လာပါက တရားစွဲအရာရှိ၏ တောင်းဆိုမှုအရ အကြိုစစ်ဆေးသော တရားခွင်သည် တရားခံ၏ အခွင့်အရေးများကို အလေးထား၍ ကာကွယ်ရန်နှင့် တရားစစ်ဆေးစီရင်မှုများကို တိကျသေချာစွာ (သို့) ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်ရန်အတွက် လိုအပ်နိုင်မည့် လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်သည်။

(ဂ)အကြိုစစ်ဆေးသောတရားခွင်က ဆန့်ကျင်၍ အမိန့်ပေးညွှန်ကြားခြင်းမရှိပါက အဖမ်းဆီးခံနေရသူ (သို့မဟုတ်) အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ ဆင့်ခေါ်ခံရသဖြင့် လာရောက်အစစ်ဆေးခံနေသူ သိရှိနိုင်စေရန်အတွက် တရားစွဲအရာရှိသည် ၎င်းကို သက်ဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ရမည်။

၂။ အပိုဒ် (၁၊ ခ)တွင် ဖော်ပြထားသော လုပ်ဆောင်ချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

(က) လုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံးစေရန် အကြံပြုချက်များနှင့် အမိန့်များပေးခြင်း။

(ခ) တရားစွဲဆိုစစ်ဆေးခြင်းကို မှတ်တမ်းပြုလုပ်ထားရန် ညွှန်ကြားခြင်း။

(ဂ) ကူညီထောက်ပံ့မှုရရှိစေရန် ကျွမ်းကျင်သူပညာရှင်တစ်ဦးကို ခန့်ထားခြင်း။

(ဃ) အဖမ်းဆီးခံနေရသူ (သို့မဟုတ်) ဆင့်ခေါ် ခြင်းခံရသဖြင့် တရားရုံးရှေ့မှောက်တွင် လာရောက်အစစ်ဆေးခံနေသူအား ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဥပဒေအကျိုးဆောင်ကို တရားဝင်လိုက်ပါဆောင် ရွက်ခွင့်ပြုခြင်း၊ (သို့မဟုတ်) ထိုကဲ့သို့ ဖမ်းဆီးခြင်း (သို့မဟုတ်) ဆင့်ခေါ် ခြင်းများ မလုပ်ဆောင်ရသေးပါက (သို့မဟုတ်) ဥပဒေအကျိုးဆောင်ကို ရွေးချယ်ခန့်ထားရခြင်း မရှိသေးပါက အဆိုပါတရားခံ၏ အကျိုးကို ကိုယ်စားပြုဆောင်ရွက်ပေးနိုင်ရန်အတွက် အခြားဥပဒေအကျိုးဆောင်ကို ခန့်ထားခြင်း။

(င) သက်သေအထောက်အထားများ စုဆောင်းထိမ်းသိမ်းခြင်းနှင့် လူအများကို စစ်ဆေးမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ လေ့လာရန်နှင့် အကြံပြုချက်များ (သို့) အမိန့်များပေးရန်အတွက် (သို့မဟုတ်) ၎င်း၏ အဖွဲ့ဝင်များကို အမည်စာရင်းတင်သွင်းခြင်း (သို့ မဟုတ်) လိုအပ်ပါက အကြိုစစ်ဆေးသော တရားခွင်ဆိုင်ရာဌာနခွဲ (သို့) စစ်ဆေး စီရင်သောဌာနခွဲရှိ တရားသူကြီးကို အမည်စာရင်းတင်သွင်းခြင်း။

(စ) သက်သေအထောက်အထားများကို စုဆောင်းရန် (သို့မဟုတ်) ထိမ်းသိမ်းရန် လိုအပ်နိုင်သောကြောင့် အခြားသော ဆောင်ရွက်မှုများကို ပြုလုပ်ခြင်း။

၃။ (က) တရားခံအတွက် စစ်ဆေးစီရင်ရာ၌ အရေးပါမည်ဟု ထင်မြင်ရသည့် သက်သေအထောက်အထားများကို ထိမ်းသိမ်းထားရန် ဤပုဒ်မနှင့်အညီ စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန် လိုအပ်သည်ဟု အကြိုစစ်ဆေးသော တရားခွင်က ထင်မြင်ယူဆသော်လည်း တရားစွဲအရာရှိက စုံစမ်းစစ်ဆေးမှုများကိုမပြုလုပ်ရန်ဆုံးဖြတ်ပါက ၎င်းထိုသို့ စုံစမ်းစစ်ဆေးခြင်းမပြုရန်အတွက် ခိုင်လုံသော အကြောင်းပြချက် ရှိ/မရှိ ကို အကြိုစစ်ဆေးသော တရားခွင်က တရားစွဲ အရာရှိနှင့် ဆွေးနွေးတိုင်ပင်ရမည်။ အကယ်၍ ထိုသို့ဆွေးနွေးတိုင်ပင်ပြီးနောက် တရားစွဲအရာရှိတွင် စုံစမ်းစစ်ဆေးမှုမပြုလုပ်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိဟု အကြိုစစ်ဆေးသောတရားခွင်က သုံးသပ်လျှင် ၎င်း၏ ကိုယ်ပိုင်ဆောင်ရွက်မှုများကို အကြိုစစ်ဆေးသော တရားခွင်က လုပ်ဆောင်နိုင်သည်။

(ခ) အကြိုစစ်ဆေးသော တရားခွင်အနေဖြင့် ၎င်း၏ ကိုယ်ပိုင်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ဆုံးဖြတ်ချက်အပေါ် ဤပိုဒ်ခွဲနှင့်အညီ တရားစွဲဆိုသူမှ အယူခံဝင်နိုင်သည်။ အဆိုပါအယူခံကို အဆောတလျင် ကြားနာစစ်ဆေးရမည်။

၄။ ဤဥပဒေအရ စစ်ဆေးစီရင်ရာတွင် အသုံးပြုနိုင်ရန်အတွက် ထိမ်းသိမ်းထားသော (သို့မဟုတ်) စုဆောင်းထားသော သက်သေအထောက်အထားများ (သို့မဟုတ်) ၎င်းနှင့်သက်ဆိုင်သော မှတ်တမ်းများကို ပုဒ်မ (၆၉) နှင့်အညီ (သို့) တရားခွင်မှ ဆုံးဖြတ်ထားသည်နှင့်အညီ တရားစစ်ဆေးစီရင်ရာတွင် အသုံးပြုရမည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ က ဘာသာပြန်ဆိုသည်။

## ပုဒ်မ (၅၇)
## အကြိုစစ်ဆေးသောတရားခွင်၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာများ

၁။ ဤဥပဒေ၌ အခြားနည်းဖြင့်ပြဋ္ဌာန်းထားခြင်းမရှိလျှင် အကြိုစစ်ဆေးသောတရားခွင်သည် ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၂။ (က) အကြိုစစ်ဆေးသော တရားခွင်က ပုဒ်မ ၁၅၊ ၁၈၊ ၁၉၊ ၅၄ အပိုဒ် ၂၊ ပုဒ်မ ၆၁ အပိုဒ် ၇ နှင့် ပုဒ်မ ၇၂ တို့တွင် ထုတ်ပြန်ထားသည့် အမိန့်များနှင့် စီရင်ထုံးများအပေါ် တရားသူကြီးအများစုက လက်ခံသဘောတူညီမှု ရှိရမည်။

(ခ) လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ နည်းဥပဒေများအရသော်လည်းကောင်း (သို့မဟုတ်) အကြိုစစ်ဆေးသော တရားခွင်၏ အများစုမှ အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် သော်လည်းကောင်း၊ အကြိုစစ်ဆေးသောတရားခွင်၏ တစ်ဦးတည်းသောတရားသူကြီးသည် အမှုကိစ္စအားလုံးကို ဤဥပဒေတွင် ပြဋ္ဌာန်းထားသကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၃။ အကြိုစစ်ဆေးသောတရားခွင်သည် ဤဥပဒေအောက်တွင်ပါရှိသော အခြားလုပ်ငန်းတာဝန်များအပြင် –

(က) တရားစွဲအရာရှိက မေတ္တာရပ်ခံလျှင် စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်နိုင်သည့် အမိန့်များနှင့် ဝရမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) အဖမ်းဆီးခံနေရသူ (သို့မဟုတ်) ပုဒ်မ (၅၈) အရ ဆင့်ခေါ်ခြင်းခံရသဖြင့် တရားရုံးရှေ့မှောက်၌ လာရောက်အစစ်ဆေးခံနေရသူက မေတ္တာရပ်ခံလျှင် ပုဒ်မ (၅၆) တွင် ဖော်ပြထားသော ဆောင်ရွက်ချက်များအပါအဝင် အမိန့်များကို ထုတ်ပြန်နိုင်သည် (သို့မဟုတ်) အဆိုပါ သူ ခုခံချေပရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ကူညီထောက်ပံ့မှုများ လိုအပ်လာနိုင်သောကြောင့် အပိုင်း(၉)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည်။

(ဂ) လိုအပ်လျှင် ပြစ်မှုကျူးလွန်ခြင်းခံရသူများ၊ သက်သေများကို အကာအကွယ်ပေးရန်နှင့် အနှောင့်အယှက်ကင်းစေရန်၊ သက်သေအထောက်အထားများကို ကာကွယ်ထိမ်းသိမ်းရန်၊ အဖမ်းဆီးခံနေရသူ (သို့မဟုတ်) ဆင့်ခေါ်ခြင်းခံရသဖြင့် တရားရုံးရှေ့မှောက်၌ လာရောက်အစစ်ဆေးခံနေရသူကို အကာအကွယ်ပေးရန်နှင့် နိုင်ငံတော်၏ လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရန်အတွက် စီမံမှုများထားရှိနိုင်သည်။

(ဃ) သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံ၏ သဘောထားများကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားလျက် အကယ်၍ အဆိုပါနိုင်ငံတွင် အာဏာပိုင်အရာရှိများ မအားလပ်မှုကြောင့် အပိုင်း (၉) နှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်းကို မပြုလုပ်နိုင်ဟု (သို့) အဆိုပါနိုင်ငံရှိ တရားစီရင်ရေးဌာနများက ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်စွမ်းမရှိဟု အကြိုစစ်

ဆေးသောတရားခွင်က ဆုံးဖြတ်လျှင် အပိုင်း(၉)နှင့်အညီ အဆိုပါနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို မရယူဘဲလျက် အဆိုပါနိုင်ငံ၏ နယ်နမိတ်အတွင်းတွင် အထူးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် တရားစွဲဆိုသူကို အခွင့်အာဏာပေးနိုင်သည်။

(င) ပုဒ်မ (၅၈)နှင့်အညီ ဖမ်းဆီးရန် ဝရမ်းစာကို (သို့) ဆင့်ခေါ်စာကို ထုတ်ပြန်ပြီးပါက၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားတို့နှင့်ဆိုင်သော နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသကဲ့သို့၊ သက်သေအထောက် အထားခိုင်လုံမှုနှင့် သက်ဆိုင်ရာ အမှုသည်များ၏ ရပိုင်ခွင့်အခွင့်အရေးများကို ထည့်သွင်းစဉ်းစားကာ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများအတွက် အဆုံးစွန်သော အကျိုးစီးပွားကို အဓိကရည်ရွယ်၍၊ အခွင့်အရေးဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ကာကွယ်နိုင်ရန်၊ ပုဒ်မ (၉၃) ပုဒ်ခွဲ (၁)(ည) အရ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရမည်။

## ပုဒ်မ (၅၈)
## အကြိုစစ်ဆေးသောတရားခွင်က ဖမ်းဆီးရန်ဝရမ်းစာနှင့် လာရောက်အစစ်ဆေးခံရန် ဆင့်ခေါ်စာကို ထုတ်ပြန်ခြင်း

၁။ တရားစွဲအရာရှိက တင်သွင်းသော လျှောက်ထားချက်များနှင့် သက်သေအထောက်အထားများ (သို့မဟုတ်) အခြားသော သတင်းအချက်အလက်များကို စစ်ဆေးပြီးနောက် အကယ်၍ အောက်ဖော်ပြပါအချက်နှင့် ပြည့်စုံပါက တရားစွဲအရာရှိ၏ လျှောက်ထားချက်အရ စုံစမ်းစစ်ဆေးမှုစတင်ပြီး မည်သည့်ကာလတွင်မဆို အကြိုစစ်ဆေးသော တရားခွင်အနေဖြင့် တစုံတဦးကို ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်ရမည်။

(က) တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုကို အဆိုပါပုဂ္ဂိုလ်မှ ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရလောက်သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းများရှိနေပြီး၊

(ခ) အောက်ဖော်ပြပါတို့ကြောင့် အဆိုပါပုဂ္ဂိုလ်ကို ဖမ်းဆီးရန်လိုအပ်သည်။

(၁) တရားစစ်ဆေးစီရင်ရာသို့ ထိုသူအမှန်တကယ်ရောက်ရှိလာစေရန်၊

(၂) စုံစမ်းစစ်ဆေးမှုကို (သို့) တရားရုံး၏ စစ်ဆေးစီရင်မှုများကို အဆိုပါပုဂ္ဂိုလ်မှ တားဆီးပိတ်ပင်ခြင်း (သို့) ခြိမ်းခြောက်ခြင်း မရှိစေရန်။

(၃) ဖြစ်နိုင်ပါက အဆိုပါပြစ်မှုကို (သို့) တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်း၌ရှိသော၊ အလားတူအခြေအနေများမှ ပေါ်ပေါက်လာသည့် အဆိုပါပြစ်မှုနှင့် ဆက်နွှယ်နေသော ပြစ်မှုကို ထိုသူမှ ဆက်လက်ကျူးလွန်ခြင်း မရှိနိုင်စေရန်၊

၂။ တရားစွဲအရာရှိ၏ လျှောက်ထားချက်တွင် အောက်ပါအချက်များပါဝင်ရမည် ။

(က) ပြစ်မှုကျူးလွန်သူ၏ အမည်နှင့် မည်သူမည်ဝါဖြစ်ကြောင်းကို ပြဆိုသည့် အခြားသက်

ဆိုင်ရာ သတင်းအချက်အလက်များ။

(ခ) ထိုပုဂ္ဂိုလ်က ကျူးလွန်ခဲ့သည်ဟု အဆိုရှိသည့် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုများနှင့် စပ်လျဉ်း၍ အသေးစိတ်ရည်ညွှန်းကိုးကားချက်။

(ဂ) ထိုသူက အဆိုပါပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရသည့် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းများပါရှိသော သက်သေအထောက်အထားများနှင့် အခြား သတင်းအချက်အလက်များ၏ အကျဉ်းချုပ်။

(ဃ) ထိုသူကိုဖမ်းဆီးရန် အဘယ်ကြောင့် လိုအပ်သည်ဟု တရားစွဲအရာရှိက ယုံကြည်ရသော အကြောင်းအရင်း။

၃။ ဖမ်းဆီးရန်ဝရမ်းတွင် အောက်ပါအချက်များပါဝင်ရမည်။

(က) ပြစ်မှုကျူးလွန်သူ၏ အမည်နှင့် မည်သူမည်ဝါဖြစ်ကြောင်းပြဆိုသည့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များ။

(ခ) ထိုသူကိုဖမ်းဆီးမည့် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုများနှင့် စပ်လျဉ်း၍ အသေးစိတ်ရည်ညွှန်းကိုးကားချက်။

(ဂ) အဆိုပါပြစ်မှုများကို ကျူးလွန်သည်ဟု အဆိုရှိသည်နှင့် စပ်လျဉ်း၍ တိကျသေချာသည့် သတင်းအချက်အလက်များ။

၄။ တရားရုံးမှ အခြားကဲ့သို့ အမိန့်ထုတ်ပြန်ခြင်းမရှိသေးမီအထိ ဖမ်းဆီးရန်ဝရမ်း အကျိုးသက်ရောက်ရမည် ။

၅။ ဖမ်းဆီးရန်ဝရမ်းထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသည် အပိုဒ် (၉) အရ ထိုသူကို ယာယီ ဖမ်းဆီးရန် (သို့) ဖမ်းဆီးရန်နှင့် အညံ့ခံခိုင်းစေရန် တောင်းဆိုနိုင်သည်။

၆။ ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပြင်ဆင်ခြင်း (သို့) ဖြည့်စွက်ခြင်းဖြင့် ဖမ်းဆီးဝရမ်း ကို ပြုပြင်မွမ်းမံရန်အတွက် တရားစွဲအရာရှိက အကြိုစစ်ဆေးသော တရားခွင်သို့ တောင်းဆိုနိုင်သည်။ တရားစွဲအရာရှိပြဆိုသည့်အတိုင်း ပြစ်မှုများကို ထိုသူမှ ကျူးလွန်နိုင်သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းများရှိသည်ဟု တွေ့ရှိရပါက အကြိုစစ်ဆေးသော တရားခွင်က ဝရမ်းကို ပြုပြင်မွမ်းမံရမည်။

၇။ ဖမ်းဆီးရန်ဝရမ်းကို ထုတ်ပြန်မည့်အစား အကြိုစစ်ဆေးသောတရားခွင်က ထိုသူရောက်ရှိလာစေရန် ဆင့်ခေါ် စာထုတ်စေရေးအတွက် တရားစွဲအရာရှိက တောင်းခံနိုင်သည်။ အကယ်၍ ထိုသူမှ အဆိုရှိသော ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟူသော ဆင့်ခေါ်စာထုတ်ပြန်ရုံမျှဖြင့် ထိုသူရောက်ရှိလာနိုင်သည်ဟူသော ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းများရှိသည်ဟု အကြိုစစ်ဆေးသော တရား

ခွင်က သုံးသပ်လျှင် အဆိုပါသူ၏ လွတ်လပ်ခွင့်ကို ချုပ်ချယ်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြည်တွင်း ဥပဒေဖြင့် ပြဋ္ဌာန်းထားပါက ဆင့်ခေါ်စာကို ထုတ်ပြန်ရမည်။ ဆင့်ခေါ်စာတွင် အောက်ပါတို့ပါဝင်ရမည်။

(က) ပြစ်မှုကျူးလွန်သူ၏ အမည်နှင့် မည်သူမည်ဝါဖြစ်ကြောင်းပြဆိုသည့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များ ။

(ခ) ပြစ်မှုကျူးလွန်သူ လာရောက်အစစ်ဆေးခံရန် သတ်မှတ်ထားသည့်ရက်စွဲ ။

(ဂ) ထိုပုဂ္ဂိုလ်က ကျူးလွန်ခဲ့သည်ဟု အဆိုရှိသည့် တရားရုံး၏ စီရင်ပိုင်ခွင့်ဘောင်တွင်းရှိ ပြစ်မှုများနှင့်စပ်လျဉ်း၍ အသေးစိတ်ရည်ညွှန်းကိုးကားချက်။

(ဃ) အဆိုပါပြစ်မှုကို ကျူးလွန်သည်ဟု အဆိုရှိသည် စပ်လျဉ်း၍ တိကျသေချာသည့် သတင်း အချက်အလက်များ။

ဆင့်ခေါ်စာကို အဆိုပါသူထံသို့ ပေးပို့ရမည်။

## ပုဒ်မ (၅၉)
## ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံအတွင်းတွင် ဖမ်းဆီးထိမ်းသိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ

၁။ ယာယီဖမ်းဆီးရန် (သို့မဟုတ်) ဖမ်းဆီးရန်နှင့် အညံ့ခံရန် တောင်းဆိုချက်ကို လက်ခံရရှိထား သော စာချုပ်ဝင်နိုင်ငံသည် ၎င်း၏ ဥပဒေများနှင့် အပိုင်း (၉) တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါပုဂ္ဂိုလ်ကို ဖမ်းဆီးရန် အဆောတလျှင်ဆောင်ရွက်ရမည်။

၂။ အဖမ်းဆီးခံရသူကို ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေး ဆိုင်ရာ အာဏာပိုင်ရှေ့မှောက်သို့ ချက်ခြင်းခေါ်ယူရမည်။ အဆိုပါ အာဏာပိုင်က ထိုနိုင်ငံ၏ ဥပဒေ နှင့်အညီ အောက်ဖော်ပြပါတို့ကို စဉ်းစားဆုံးဖြတ်ရမည်။

(က) ဆင့်ခေါ်စာသည် ထိုသူနှင့် သက်ဆိုင်ခြင်းရှိမရှိ၊

(ခ) ထိုသူသည် မှန်ကန်သော နည်းလမ်းစဉ်များနှင့်အညီ အဖမ်းဆီးခံခဲ့ရခြင်းရှိမရှိ နှင့်–

(ဂ) ထိုသူ၏ ရပိုင်အခွင့်အရေးများကို အလေးထားခဲ့ခြင်း ရှိ/မရှိ၊

၃။ အညံ့ခံမှုကို ရွှေ့ဆိုင်းထားပြီး ယာယီခေတ္တလွှတ်ပေးထားရန်အတွက် အဖမ်းဆီးခံရသူက ဖမ်း ဆီးထိမ်းသိမ်းသည့် နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေးဆိုင်ရာ အာဏာပိုင်ထံသို့ လျှောက် ထားပိုင်ခွင့်ရှိသည်။

၄။ အဆိုပါ လျှောက်ထားချက်မျိုးကို စဉ်းစားဆုံးခြင်းနှင့်စပ်လျဉ်း၍ ကျူးလွန်ခဲ့သည်ဟု အဆို ရှိသော ပြစ်မှုများ၏ အတိမ်အနက်ကို ထည့်သွင်းစဉ်းစားလျက် ယာယီခေတ္တ လွှတ်ပေးနိုင်ရန်အတွက် အဆောတလျင်ဖြစ်သော၊ ခြွင်းချက်ဖြစ်သော အခြေအနေများ ရှိ/မရှိ၊ ထိုသူ တရားရုံး၏ ရှေ့မှောက်

တွင် အညှဉ့်ခံစေရန်အတွက် ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံမှ လုပ်ဆောင်နိုင်သော အနေအထားများ ရှိ/မရှိကို ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေးဆိုင်ရာ အာဏာပိုင်က စဉ်းစားသုံးသပ်ရမည်။ ပုဒ်မ (၅၈) အပိုဒ် (၁၊ က နှင့် ခ) တို့နှင့်အညီ ဖမ်းဆီးရန်ဝရမ်းကို နည်းလမ်းမှန်ကန်စွာဖြင့် ထုတ်ပြန်ထားခြင်း ရှိ/မရှိ ကို ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေးဆိုင်ရာ အာဏာပိုင်က စဉ်းစားဆုံးဖြတ်နိုင်ခြင်း မရှိစေရ။

၅။ အကြိုစစ်ဆေးသော တရားခွင်သည် ယာယီခေတ္တလွှတ်ပေးရန် တောင်းဆိုချက်အားလုံးကို အသိပေးခြင်းခံရမည်ဖြစ်ပြီး၊ ၎င်းသည် ထို ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေးဆိုင်ရာ အာဏာပိုင်ကို အကြံပြုချက်များပေးရမည်။ ဖမ်းဆီးထိမ်းသိမ်းသည့်နိုင်ငံ၏ အရည်အချင်းပြည့်မီသော တရားရေးဆိုင်ရာ အာဏာပိုင်သည် ဆုံးဖြတ်ချက်မချမှတ်မီ ထိုသူ ထွက်ပြေးလွတ်မြောက်ခြင်းမရှိစေရန် လုပ်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အကြံပြုချက်များအပါအဝင် အဆိုပါ အကြံပြုချက်များကို အသေအချာစဉ်းစားဆင်ခြင်ရမည်။

၆။ အကယ်၍ ထိုသူကို ယာယီခေတ္တ လွှတ်ပေးရန်ဆုံးဖြတ်ပါက အကြိုစစ်ဆေးသော တရားခွင်သည် ယာယီခေတ္တ လွှတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန် အစီရင်ခံစာများကို တောင်းဆိုနိုင်သည်။

၇။ အညှဉ့်ခံရန် ဖမ်းဆီးထိမ်းသိမ်းသည့် နိုင်ငံက အမိန့်ထုတ်ပြန်သည့်နှင့်တပြိုင်နက် ထိုသူသည် ချက်ချင်း တရားရုံးရှေ့မှောက်သို့လာရောက်ရမည်။

## ပုဒ်မ (၆၀)
## တရားရုံး၏ ကနဦး တရားရေးဆိုင်ရာဆောင်ရွက်ချက်များ

၁။ ထိုသူမှ တရားရုံး၌ အညှဉ့်ခံရာတွင်ဖြစ်စေ (သို့မဟုတ်) ထိုသူ ဆန္ဒအလျောက် (သို့) ဆင့်ခေါ်စာကြောင့် တရားရုံးရှေ့မှောက်သို့ လာရောက်ရာတွင်ဖြစ်စေ၊ ၎င်းက ကျူးလွန်ခဲ့သည်ဟုအဆိုရှိသော ပြစ်မှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ တရားရုံးတင် မစစ်ဆေးမီကာလအတွင်း ယာယီခေတ္တ လွှတ်ပေးရန် လျှောက်ထားနိုင်ခွင့်များအပါအဝင် ဤဥပဒေနှင့်အညီ ၎င်း၏ အခွင့်အရေး ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်အား အသိပေးခဲ့ခြင်းအပေါ် အကြိုစစ်ဆေးသောတရားခွင်က ကျေနပ်မှုရှိရမည်။

၂။ ဖမ်းဆီးရန်ဝရမ်း ထုတ်ပြန်ခြင်းခံရသူသည် စစ်ဆေးစီရင်မှု မတိုင်မီကာလအတွင်းတွင် ယာယီခေတ္တ လွှတ်ပေးရန် လျှောက်ထားနိုင်သည်။ အကယ်၍ အကြိုစစ်ဆေးသောတရားခွင် ပုဒ်မ (၅၈) အပိုဒ် (၁) တွင် ဖော်ပြထားသော အကြောင်းအရာများနှင့် ကိုက်ညီသည်ဟု လက်ခံပါက ထိုသူကို ဆက်လက်

ထိမ်းသိမ်းထားရမည်။ ထိုသို့မဟုတ်ပါက အကြိုစစ်ဆေးသောတရားခွင် ထိုသူအား လွှတ်လပ်ခွင့်ကို အကန့်အသတ်ဖြင့် ဖြစ်စေ၊ အကန့် အသတ်မဲ့ဖြစ်စေ လွှတ်ပေးရမည်။

၃။ အကြိုစစ်ဆေးသောတရားခွင်သည် လွှတ်ပေးခြင်းနှင့် ထိမ်းသိမ်းထားခြင်းနှင့်ဆိုင်သော ၎င်း၏ စီရင်ထုံးများကို ပုံမှန် ပြန်လည်ဆန်းစစ်ရမည်ဖြစ်ပြီး မည်သည့်အချိန်၌မဆို တရားစွဲဆိုသူ (သို့မဟုတ်) ထိုသူက တောင်းဆိုပါက ပြန်လည်ဆန်းစစ်ရမည်။ ထိုသို့ ပြန်လည်ဆန်းစစ်မှုအရ အခြေအနေများကို ပြုပြင်ရန် လိုအပ်သည်ဟု လက်ခံပါက ထိမ်းသိမ်းထားခြင်း၊ လွှတ်ပေးခြင်း (သို့မဟုတ်) လွှတ်ပေးထားသည့် အနေအထားများနှင့်သက်ဆိုင်သည့် ၎င်း၏ စီရင်ထုံးများကို ပြုပြင်မွမ်းမံရမည်။

၄။ တရားစွဲဆိုသူ၏ လက်သင့်မခံနိုင်သော နှောင့်နှေးကြံ့ကြာမှုကြောင့် တစုံတဦးကို ကျိုးကြောင်း ဆီလျော်မှု မရှိသော အချိန်ကာလတစ်ခုအထိ ထိမ်းသိမ်းထားခြင်းမျိုး မဖြစ်စေရန် အကြိုစစ်ဆေးသော တရားခွင်က ဆန်းစစ်ရမည်။ အကယ်၍ ထိုသို့သော နှောင့်နှေးကြံ့ကြာမှုမျိုးရှိလာပါက တရားရုံးသည် မည်သည့်အခြေအနေမျိုး၌မဆို ထိုသူ၏ လွှတ်လပ်ခွင့်ကို အကန့်အသတ်ဖြင့်ဖြစ်စေ၊ အကန့် အသတ်မဲ့ ဖြစ်စေ ထိုသူအား ပြန်လွှတ်ပေးရန် စဉ်းစားရမည်။

၅။ အကယ်၍ လိုအပ်ပါက လွှတ်ပေးထားသောသူ အမှန်တကယ် ပြန်လာစေရန် အကြိုစစ်ဆေးသော တရားခွင်သည် ဖမ်းဆီးရန် ဝရမ်းကို ထုတ်ပြန်ရမည်။